# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၅၂)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း ၁၂ ရက် ၊ ၈-၅-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ




## ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်

နေပြည်တော် မေ ၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။


စာမျက်နှာ ၃ သို့ ☆


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုကြစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မေ ၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/၈လ

၂၀၂၅ ခုနှစ်၊ မေ ၈ ရက်၊ ကြာသပတေးနေ့။
မန္တလေး နေ့စဉ်

## ကမ္ဘာ့ကြက်ခြေနီနေ့

ဖြူစင်မွန်မြတ်သော၊ စေတနာထက်သန်သော၊ ရိုင်းပင်းကူညီတတ်သောသူများကို ညွှန်ပြပါဟုဆိုရလျှင် ကြက်ခြေနီလူငယ်၊ မောင်မယ်များအား ညွှန်းဆိုရမည်ဖြစ်သည်။ ကြက်ခြေနီလုပ်ငန်းသည် မေတ္တာစေတနာကို အရင်းခံထားသော ကရုဏာလုပ်ငန်းတစ်ရပ်ဖြစ်သည်။

ကြက်ခြေနီအသင်းနှင့်ပတ်သက်၍ ၁၉၀၉ ခုနှစ် မေလတွင် ကမ္ဘာ့ကြက်ခြေနီသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ပြီး မေ ၈ ရက်ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ၁၉၂၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်းခွဲအဖြစ် တည်ထောင်ခဲ့ပြီး ၁၉၃၇ ခုနှစ်တွင် သီးခြားဖြစ်လာခဲ့သည်။

ကမ္ဘာ့ကြက်ခြေနီ လှုပ်ရှားမှုဖြစ်ပေါ်အောင် စတင်ခဲ့သူ ဟင်နရီဒူးနန့်ကို ၁၈၂၈ ခုနှစ် မေ ၈ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ မွေးဖွားခဲ့သည်။ သူ၏ကြိုးပမ်းမှုကို ဂုဏ်ပြုသည့်အနေဖြင့် သူ့မွေးနေ့ မေ ၈ ရက်ကို ကမ္ဘာ့ကြက်ခြေနီနေ့ဟု အထိမ်းအမှတ်ပြုခဲ့ကြသည်။ ၁၈၅၉ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင် ဟင်နရီဒူးနန့်သည် စီးပွားရေးကိစ္စဖြင့် ပြင်သစ်ဧကရာဇ် တတိယမြောက် နပိုလီယံကို တွေ့ဆုံရန် အီတလီသို့ သွားရောက်စဉ် ဆိုဖာရီမြို့သို့ ရောက်ရှိခဲ့သည်။ ထိုစဉ်က ယင်းမြို့တွင် ပြင်သစ်တပ်နှင့် ဩစတြီးယားတပ်အကြား တိုက်ပွဲများဖြစ်ခဲ့ရာ နှစ်ဖက်စလုံးသေကျေ၊ ဒဏ်ရာရရှိသူများရှိခဲ့သည်။ ထိုစဉ် မည်သည့်အဖွဲ့အစည်းကမျှ ဒဏ်ရာရလူနာများကို ဆေးဝါးစောင့်ရှောက်မှုမပေးဘဲ လူသားချင်းစာနာထောက်ထားမှုကင်းမဲ့စွာ ပစ်ထားခဲ့သည်။ ဟင်နရီဒူးနန့်သည် ထိုမြင်ကွင်းကိုတွေ့ရှိပြီးနောက် မူလစီးပွားရေးကိစ္စကိုစွန့်လွှတ်ပြီး စစ်မြေပြင်တွင် ဒဏ်ရာရသူများကို ဟင်နရီဒူးနန့်သည် ရန်သူမိတ်ဆွေမခွဲခြားဘဲ နှစ်ဖက်စလုံးမှ စစ်သည်များကိုပြုစုစောင့်ရှောက်ခဲ့သည်။

ကြက်ခြေနီ အခြေခံမူ ခုနစ်ရပ်ဖြစ်သည့် လူသားချင်းစာနာခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်စွာဆောင်ရွက်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးခြင်း၊ တစ်ကမ္ဘာလုံးတန်းတူရည်တူလုပ်ကိုင်ခြင်းတို့ကို နိုင်ငံတကာရှိ အမျိုးသားကြက်ခြေနီအသင်းတိုင်းက လိုက်နာဆောင်ရွက်လျက်ရှိကြသည်။

ကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်မှာ လူသားများ၏ ကျန်းမာရေးကို မြှင့်တင်ပေးရန်၊ ရောဂါတားဆီးရန်၊ ဘေးဒုက္ခသက်သာနည်းပါးရန်၊ လူလူချင်းညှာတာထောက်ထားရိုင်းပင်းကူညီရန်ဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ယခုအခါ တိုးတက်ပြောင်းလဲလာသော ကြက်ခြေနီသဘောတရားများနှင့်အညီ ကျန်းမာရေးမြှင့်တင်ခြင်း၊ ငလျင်ဘေးသင့်သူများအား ကူညီကယ်ဆယ် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် သယ်ယူပို့ဆောင်ရေးအတွက် လူနာတင်ယာဉ်လုပ်ငန်းများကို ပြည်ပနိုင်ငံအသင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏လုပ်ဆောင်ချက်များသည် ကမ္ဘာ့ကြက်ခြေနီအသင်း၏လှုပ်ရှားမှုများနှင့်အတူ တစ်နှစ်ပြီးတစ်နှစ် တိုးတက်ကျယ်ပြန့်လာခဲ့သည်။

ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့၏ဆောင်ပုဒ်မှာ "လူသားချင်းစာနာထောက်ထား တို့ကြက်ခြေနီများ" ဟူ၍ဖြစ်သည်။ ကမ္ဘာ့ကြက်ခြေနီနေ့သည် ကမ္ဘာသူ၊ ကမ္ဘာသားများကို ကရုဏာစိတ်ယိုဖိတ်အောင် နှိုးဆော်တိုက်တွန်းသောနေ့ဖြစ်ပြီး မြန်မာတို့အမွန်အမြတ်ထားသော ဗြဟ္မစိုရ်တရားလေးပါးတွင်မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ပါဝင်ရာ ကြက်ခြေနီစိတ်ဓာတ်၏ အခြေခံဖြစ်သော ကရုဏာတရားနှင့် တစ်ထပ်တည်း ကျနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မေ ၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ၇၂လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်ရှေ့တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဧပြီ ၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားတို့တွင်လည်းကောင်း၊ မေ ၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ အမရပူရမြို့နယ်၊ ဈေးချိုတော်ရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွမွှာရုံ၊ စစ်ကိုင်း-မန္တလေးအရှေ့ဘက်တို့တွင်လည်းကောင်း၊ မေ ၁၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်းနှင့် ၄၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ (ဆဆ-၆)၊ ၁၀၆လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

## မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကွင်းဆင်းစစ်ဆေးပြီး အပြာရောင်၊ လိမ္မော်ရောင်၊ အနီရောင်အဆင့် ခွဲခြားသတ်မှတ်



**မန္တလေး မေ ၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ လမ်းဦးစီးဌာနတို့နှင့်အတူ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့ ပူးပေါင်းသည့် ပညာရှင်အဖွဲ့မှ ငလျင်ကြီးကြောင့် ပျက်စီးမှုရှိခဲ့သော အဆောက်အအုံများကို ကွင်းဆင်းစစ်ဆေးပြီး အပြာရောင်၊ လိမ္မော်ရောင်၊ အနီရောင် အဆင့်သတ်မှတ်ပေးကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံများကို စစ်ဆေးပေးခြင်းဖြင့် ဆက်လက်နေထိုင်ရန်၊ ပြင်ဆင်ရန်၊ ဖျက်သိမ်းရန်တို့ကို အမြန်ဆုံးသိရှိကာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်သည်ဟု စစ်ဆေးရေးအဖွဲ့ ဦးဆောင်သူ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ လိုင်စင်ရ ဦးကျော်ဆွေက ပြောသည်။

"ငလျင်ဒဏ် ခံစားရတဲ့ ပြည်သူတွေ အမြန်ဆုံး သူတို့အဆောက်အအုံတွေမှာ နေထိုင်နိုင်ဖို့၊ ပျက်စီးမှုရှိသွားတာတွေကို ဘယ်လိုထိန်းသိမ်းပြုပြင်မလဲဆိုတာတွေ၊ ငလျင်သင့်တဲ့ အဆောက်အအုံတွေမှာ မနေသင့်တော့ရင်မနေဖို့ စည်ပင်သာယာ၊ လမ်းဦးစီးနဲ့ အင်ဂျင်နီယာအသင်းတို့ ပူးပေါင်းပြီး ခွဲခြားစစ်ဆေးပေးတာဖြစ်သလို ပညာပေးတာတွေလုပ်ပါတယ်" ဟု ၎င်းက ပြောသည်။ (ဓါတ်ပုံ)

ထိုသို့ ငလျင်ဒဏ်သင့် အဆောက်အအုံများကို လိုက်လံစစ်ဆေးပြီး လူနေထိုင်ရန် လုံးဝမသင့်ပါက အနီရောင်၊ ပြန်လည်ပြုပြင်နေထိုင်နိုင်ပါက လိမ္မော်ရောင်၊ ဆက်လက်နေထိုင်သင့်ပါက အပြာရောင်ဟူ၍ အဆောက်အအုံများအား အရောင်ခွဲခြားသတ်မှတ်ပေးခဲ့ပြီး စနစ်တကျ စာရင်းပြုစုကြကြောင်း သိရသည်။

"မန္တလေးမှာ တွေ့တာက လှုပ်ခတ်ခဲ့တဲ့ငလျင်က ၇ ဒသမ ၇ အင်အားဖြစ်ပြီး အဆောက်အအုံအများအားဖြင့် ၅ ပတ်ဝန်းကျင်လောက် ခံနိုင်တဲ့အဆောက်အအုံတွေ ဖြစ်နေတာရယ်ကြောင့် ပျက်စီးမှုများတယ်လို့ပြောရမယ်။ အကြံပေးချင်တာက သုံးထပ်နဲ့အထက် အဆောက်အအုံ ဆိုရင် ကျွမ်းကျင်တဲ့ သက်ဆိုင်ရာ အင်ဂျင်နီယာတွေနဲ့ ဆောက်သင့်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးတွင် ရှေးအဆောက်အအုံများ အများဆုံးပျက်စီးမှုတွေ့ရှိရသည့်အပြင် ဆောက်လုပ်သည့်အခါ သက်ဆိုင်ရာ ကျွမ်းကျင်အင်ဂျင်နီယာမပါဘဲ ပန်းရန်၊ လက်သမားနှင့် တည်ဆောက်ခြင်း၊ မကျွမ်းကျင်သည့် အင်ဂျင်နီယာများနှင့် ဆောက်လုပ်ခြင်း၊ အရည်အသွေးမကောင်းသည့် ပစ္စည်းအသုံးပြုခြင်းတို့ကြောင့် အဆောက်အအုံများ ပျက်စီးသည်ကို တွေ့ရသည်ဟု ဆိုသည်။

**(မန္တလေးနေ့စဉ်-၉)**

## ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ကျွန်းလှ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးအရောင်းအဆိုင်များအား တရားမဝင်ပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိ ယနေ့နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့ပေါ်ရပ်ကွက်များအတွင်း ရောင်းချလျက်ရှိသော စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင် လေးဆိုင်အား အရောင်းလိုင်စင်နှင့် ရောင်းချသူလိုင်စင်ရှိ၊ မရှိ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ သက်တမ်းလွန်ပစ္စည်းများ၊ ဌာနမှပယ်ဖျက်ထားသော ပစ္စည်းများ ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး ဖြိုးသန့်ဇင်ထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီနှင့် ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

☆ ရွှေဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒေါက်တာဘရှေနှင့် ခွန်စံလွင်၊ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့် BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova တို့နှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်သွားမည်ဖြစ်သည်။

## လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့မှလည်း လျှောက်လမ်း၏ဘေးတစ်ဖက်တစ်ချက်စီတွင် ခြံရံ၍ နိုင်ငံတော်အဆင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**☆ ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်**

## အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေး

နေပြည်တော် မေ ၇

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ချမ်းအေးသာစံမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင် စခန်းသွင်းသင်ကြားလေ့ကျင့်နေသည့် တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများနှင့် အခြေခံပညာဆရာ ဆရာမများ၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများကို တွေ့ဆုံအားပေးသည်။ (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးဒဏ်သည် မည်သူမျှ မျှော်လင့်မထားသည့် သဘာဝဘေးအန္တရာယ်ကြီးတစ်ခုဖြစ်ပါကြောင်း၊ ယင်းအခြေအနေမှ ရုန်းထပြီး စာသင်ခန်းထဲသို့ရောက်ရှိလာသည့် ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်နှင့် ယုံကြည်ချက်၊ မိဘများ၏ ဖေးမအားပေးမှု၊ ဆရာ ဆရာမများ၏ အားကြိုးမာန်တက်သင်ပြသွန်သင်မှုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၏ စနစ်တကျစီမံဆောင်ရွက်ပေးမှုတို့ကို အသိအမှတ်ပြုချီးကျူးပါကြောင်း၊ ယင်းကဲ့သို့ စိတ်ဓာတ်များဖြင့် ကြုံတွေ့လာရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် Grade -12 စာမေးပွဲကြီးကို အောင်မြင်စွာဖြေဆို ပြီးမြောက်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းပြည်နှင့်လူမျိုး၊ အမျိုးဘာသာသာသနာအတွက် အကျိုးပြုမည့် အနာဂတ်ခေါင်းဆောင်ငယ်များဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ နေထိုင်သင်ကြားလေ့ကျင့်နိုင်ရေး၊ စားသောက်ရေးနှင့်ကျန်းမာရေးကို ဂရုပြုဆောင်ရွက်ရေး၊ ကျောင်းသားကျောင်းသူများ ရာနှုန်းပြည့် စခန်းသွင်းဝင်ရောက်ရေး၊ ဆရာ ဆရာမများနှင့် အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများက စနစ်တကျကြီးကြပ် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးနှင့် စာမေးပွဲပြန်လည်ဖြေဆိုမည့်သူ ၉၄ ရာခိုင်နှုန်းအထိရှိသည်ကို သိရပြီး ကျန်ရှိသည့် ၆ ရာခိုင်နှုန်းကိုလည်း စာမေးပွဲဖြေဆိုနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် မန္တလေးမစိုးရိမ်ကျောင်းတိုက်တွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ကျောင်းတိုက်အခြေအနေတို့ကို သွားရောက်ကြည့်ရှု၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် တာဝန်ရှိသူများနှင့် ငလျင်ဘေးပြန်လည်ထူထောင်ရေးကာလအတွင်း တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် အခြေအနေများနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ် ပေါင်းလောင်း - ကြို့ပင်သာ စစ်တောင်းမြစ်ကူးတံတား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဝန်ကြီးဌာနပိုင်မြေနေရာ၌ သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေး စီစဉ်တည်ဆောက်ပေးနေသည့် အိမ်ရာများကိုလည်းကောင်း၊ အဆိုပါမြေနေရာနှင့် ရုံးသို့ဆက်သွယ်သော လမ်းဖောက်လုပ်နေမှုကိုလည်းကောင်း၊ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်ရေတွင်းတူးဖော်နေမှုကိုလည်းကောင်း၊ ကွန်တိန်နာများ စီစဉ်ချထားမည့် မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လမ်း၊ ရေ၊ မီး၊ မိလ္လာစနစ်များအပါအဝင် ဘာရှာများကို မေ ၁၅ ရက် ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ၁၇ ရက်တွင် ပြောင်းရွှေ့နေရာချထားပေးရန် မှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ယန္တရားဝင်းသို့ သွားရောက်၍ ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေးအတွက် အိပ်ခန်း ၁၀ ခန်း စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ဝင်ရောက်နေထိုင်နေမှုများကို ကြည့်ရှုစစ်ဆေးကာ စနစ်တကျ နေရာချထားပေးရန်နှင့် ကြော်လော်ချက်ပြုတ်ရာတွင် လျှပ်စစ်မီး၊ မီးဖိုမီးများ စနစ်တကျအသုံးပြုရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာသို့သွားရောက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်းတို့ဖြင့် နှမ်းစပါး၊ မိုးစပါး စိုက်ပျိုးနေသော သမဝါယမအသင်းသားများနှင့်တွေ့ဆုံပြီး သမဝါယမအသင်းသားတောင်သူများအနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် စိုက်နည်းစနစ် (၄) မျိုး မှန်ကန်စွာဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းစိုက်ပျိုးကြရန်၊ လိုအပ်သည့် မျိုး၊ သွင်းအားစုများ အချိန်မီရရှိရေး ဆောင်ရွက်ပေးရန်၊ သီးထပ်သီးညှပ်စိုက်ပျိုးကြရန်နှင့် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပေါက်မြိုင်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် ရေဖြန့်ဝေပေးနေမှုကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သော လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်း တက်ရောက်အောင်မြင်ပြီး ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသော ဒေါ်ခင်ထွေး၏ ဇူးအိချယ် လူသုံးကုန်ထုတ်လုပ်ရေးလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ကြို့ပင်သာကျေးရွာသို့ သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပေါင်းလောင်း-ကြို့ပင်သာ စစ်တောင်းမြစ်ကူးတံတား ပေ ၆၀၀ ၏ ထိခိုက်ပျက်စီးမှုကို(အပေါ်ပုံ) ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ အင်ဂျင်နီယာများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဆက်သွယ်မှုလမ်းကြောင်း မပြတ်တောက်ရေး အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန်၊ ဆက်လက်ပြင်ဆင်ဆောင်ရွက်နိုင်မည့်အစီအမံများ တင်ပြကြရန်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

## အင်းလေးဒေသအတွင်း ငလျင်ဒဏ်ခံစားခဲ့ရသူများအား လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်နိုင်ရေး နှစ်သိမ့်ဆွေးနွေး

ညောင်ရွှေ မေ ၇

မန္တလေးငလျင်ဒဏ်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခံစားခဲ့ရသည့်ပြည်သူများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ နေရာအရောက်သွားရောက်တွေ့ဆုံ နှစ်သိမ့်ဆွေးနွေးခြင်းကို မေ ၅ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသ အိုင်ထောင့်ကြီးကျေးရွာ၌ ဆောင်ရွက်သည်။(ယာပုံ)

အဆိုပါ နေရာအရောက် ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွင် လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)မှတာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ငလျင်ဘေးသင့်ပြည်သူများအား အစုအဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း မေးမြန်းဆွေးနွေး နှစ်သိမ့်



အားပေးစကားများပြောကြား၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အလားတူ အင်းလေးဒေသရှိ ငလျင်ဒဏ်ခံစားခဲ့သည့် ကေလာကျေးရွာအုပ်စု၊ မင်းချောင်းကျေးရွာအုပ်စုတို့ရှိ ဒေသခံပြည်သူများကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်နိုင်ရေး နှစ်သိမ့်ဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)

## မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြု

နေပြည်တော် မေ ၇

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (17th ASEAN Ministers' Responsible for Information and its related Meetings–17th AMRI) ဖွင့်ပွဲအခမ်းအနားတွင် ဆွေးနွေးပြောကြားစဉ်။



# (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်

ဘန်ဒါဆရီ ဘီဂါဝမ် (ဘရူနိုင်း) မေ ၇

(၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (17th ASEAN Ministers' Responsible for Information and its related Meetings–17th AMRI) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဘရူနိုင်းဒါရူဆလမ် နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့ The Empire Brunei ဟိုတယ် Indera Samudra Grand Hall ၌ ကျင်းပရာပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ်ရုံး ဝါရင့်ဝန်ကြီး His Royal Highness Prince Haji Al-Muhtadee Billah Ibni နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြန်ကြားရေးဆိုင်ရာတာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း (ASCC) ဒုတိယအတွင်းရေးမှူးချုပ် ဦးစန်းလွင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး လေ့လာသူအဖြစ် တီမောလက်စ်တေနိုင်ငံမှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

“ အာဆီယံမီဒီယာချန်နယ်များ၏ ထိရောက်သည့် သတင်းတင်ဆက်မှုများကြောင့် ပြည်သူများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်သူများက သတိပြုမိစေကာ နိုင်ငံတကာနှင့်ဒေသတွင်း ပံ့ပိုးကူညီမှုများရရှိအောင် လုပ်ဆောင်ပေးနိုင်ခဲ့ ”

**နှုတ်ခွန်းဆက်စကားပြောကြား**

ရှေးဦးစွာ(၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး အလှည့်ကျ သဘာပတိ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီး-၂ H.E. Mr. Pehin Dato HalbiYussof နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အိမ်ရှေ့မင်းသားနှင့်ဝန်ကြီးချုပ်ရုံး ဝါရင့်ဝန်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး အာဆီယံလူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း၊ ဒုတိယအတွင်းရေးမှူးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဘရူနိုင်းနိုင်ငံ၏ အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (AMRI) အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူမှုဆိုင်ရာ ရုပ်သံမှတ်တမ်းကို ပြသသည်။ ဆက်လက်၍ အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို ကျင်းပရာ (၁၆) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၏ အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Le Hai Binh က ဂုဏ်ပြုစကား ပြောကြားပြီး (၁၇) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး၏ အလှည့်ကျသဘာပတိဖြစ်သည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး-၂နှင့် အစည်းအဝေး အလှည့်ကျ ဒုတိယသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Neth Pheaktra တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

အာဆီယံပြန်ကြားရေး ဝန်ကြီးများ အစည်းအဝေး (AMRI) ၏ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ **“အပြန်အလှန်နားလည်မှုကို အားကောင်းလာစေသည့်မီဒီယာသို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုမြှင့်တင်ရာတွင် မီဒီယာ၏ အခန်းကဏ္ဍကိုပြောင်းလဲဖော်ဆောင်ခြင်း အသွင်ပြောင်းခြင်း”** (Media Advancing Joint Understanding: Transforming media's role in advancing cooperation and mutual understanding) ဖြစ်ရာ အဆိုပါ အစည်းအဝေး၏ Theme နှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့က ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးရာတွင် မန္တလေးငလျင်ကြီးကဲ့သို့သော အကျပ်အတည်းအခြေအနေများတွင် မီဒီယာများအနေဖြင့် တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ဖြန့်ဝေရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ အာဆီယံမီဒီယာချန်နယ်များ၏ ထိရောက်သည့် သတင်းတင်ဆက်မှုများကြောင့် ပြည်သူများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်သူများက သတိပြုမိစေကာ နိုင်ငံတကာနှင့်ဒေသတွင်းပံ့ပိုးကူညီမှုများ ရရှိအောင် လုပ်ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၂၅ ခုနှစ်နောက်ပိုင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များတွင် သတင်းအချက်အလက်နှင့် မီဒီယာကဏ္ဍ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်အတွက် လူငယ်များ စိတ်ဝင်စားမည့် Content များနှင့် ပူးပေါင်းဖန်တီးမှု ပလက်ဖောင်းများကို အားကောင်းစေရေး ဆောင်ရွက်ခြင်း၊ မီဒီယာသိနားလည်မှုကို မြှင့်တင်ခြင်းနှင့် သတ်မှတ်ထားသည့် မီဒီယာပလက်ဖောင်းများမှ တစ်ဆင့် မဟုတ်မမှန်သတင်းများကို တိုက်ဖျက်ခြင်း၊ အာဆီယံနှင့်စပ်လျဉ်းသည့် ဇာတ်လမ်းရုပ်သံများကို ဘာသာစကားမျိုးစုံနှင့် တင်ဆက်နိုင်ရန် ဒေသတွင်းပူးပေါင်းရိုက်ကူးထုတ်လုပ်မှုများ တိုးတက်ဖော်ဆောင်ခြင်းနှင့် ဉာဏ်ရည်တုနှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများ၏ ကျင့်ဝတ်ဆိုင်ရာများကို မြှင့်တင်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားနိုင်ရန် အကြံပြုတိုက်တွန်းလိုပါကြောင်း။

ယခုနှစ် အစည်းအဝေးဆောင်ပုဒ်တွင်ဖော်ပြထားသည့်အတိုင်း မီဒီယာများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် အပြန်အလှန်နားလည်မှုနှင့် သည်းခံနိုင်စွမ်းရှိမှုများကို မြှင့်တင်စေနိုင်ပြီး ကွဲပြားမှုများကို ပေါင်းကူးဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်ဟု ပြောကြားလိုပါကြောင်းနှင့် မိမိတို့ ပူးပေါင်းအကောင်အထည်ဖော်မည့် အာဆီယံမီဒီယာအခင်းအကျင်းတွင် နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှုများဖြင့်သာ ကျေနပ်နေရုံမဟုတ်ဘဲ နောင်လာမည့် မျိုးဆက်များအတွက်ပါ အကျိုးကျေးဇူးများစွာ ရှိစေရန် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက်အစည်းအဝေးကိုဆက်လက်ကျင်းပရာ (၂၀) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၂၂) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး အစီရင်ခံစာများအား သုံးသပ်ဆွေးနွေး အတည်ပြုခြင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံအကြား သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်မှုကို သုံးသပ်ဆွေးနွေးခြင်း၊ အာဆီယံယဉ်ကျေးမှုနှင့် သတင်းအချက်အလက်ဆိုင်ရာ ကော်မတီ(COCI)၏ သတင်းပြန်ကြားရေးကဏ္ဍဆိုင်ရာ တိုးတက်မှုအစီရင်ခံစာကို ဖတ်ကြားဆွေးနွေးခြင်းနှင့် အစည်းအဝေး၏ရလဒ်အဖြစ် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာမဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ရန် အာဆီယံပြန်ကြားရေးဝန်ကြီးများအဆင့် အသိအမှတ်ပြုသည့် ဘန်ဒါဆရီဘီဂါဝမ်ကြေညာချက်၊ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများကို ဘေးကင်းလုံခြုံပြီး တာဝန်သိသိဖြင့် အသုံးပြုခြင်းဆိုင်ရာ ကွာလာလမ်ပူကြေညာချက်နှင့် (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ပူးတွဲထုတ်ပြန်ချက်များအား ဆွေးနွေးကာ အတည်ပြုခဲ့ကြသည်။

**တက်ရောက်**

(၈)ကြိမ်မြောက်အာဆီယံနှင့်ဆွေးနွေးဖက် သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေး (8th AMRI+3)ကို ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံမှ ပြန်ကြားရေးဆိုင်ရာဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အရှေ့တီမောနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့က လေ့လာသူအဖြစ် တက်ရောက်သည်။

**ဂုဏ်ပြုညစာစားပွဲကျင်းပ**

ညနေပိုင်းတွင် (၁၇) ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်လာကြသည့်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား အိမ်ရှင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ်ရုံး ဝါရင့်ဝန်ကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို ကျင်းပသည်။

အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး(AMRI)ကိုအာဆီယံဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (AMRI+3) နှင့် အတူ နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိပြီး အာဆီယံနှင့် ဒေသတွင်းသတင်းပြန်ကြားရေးဆိုင်ရာလုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေး လုပ်ငန်းစီမံကိန်းများအပေါ်တွင် လိုအပ်သည့် လမ်းညွှန်ချက်များ ချမှတ်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့တွင် ကျင်းပခြင်းဖြစ်ပြီး မေ ၅ ရက်မှ ၆ ရက်အထိ (၂၂) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား ကျင်းပခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

# Digital ခေတ်၊ ICT ခေတ်၊ AI ခေတ်ဖြစ်သည့်အတွက် ခေတ်ကာလနှင့်ကိုက်ညီသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်လိုအပ်





နေပြည်တော် မေ ၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးနည်းပညာတက္ကသိုလ်နှင့် အစိုးရနည်းပညာကောလိပ် (မန္တလေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ မန္တလေးနည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာဆရာမ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တက္ကသိုလ်များအနေဖြင့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန်နှင့် နိုင်ငံတော်အတွက် လိုအပ်သောနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ပံ့ဆောင်ရွက်ပေးရန် အဓိကအရေးကြီးပါကြောင်း၊ Digital ခေတ်၊ ICT ခေတ်၊ AI ခေတ်ဖြစ်သည့်အတွက် ခေတ်ကာလလိုအပ်ချက်နှင့်ကိုက်ညီသော လူ့စွမ်းအားအရင်းအမြစ်များ၊ ကျွမ်းကျင်ဝတ်သိက္ခာနှင့် ပြည့်စုံသော အင်ဂျင်နီယာပညာရှင်များ၊ ဗိသုကာပညာရှင်များ မွေးထုတ်ပေးရန် လိုအပ်ပါကြောင်း မှာကြားသည်။

ယင်းနောက် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့သော ပင်မစာသင်ဆောင်၊ အလုပ်ရုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းသား ကျောင်းသူဆောင်များ အကြီးစားပြုပြင်ရန် လိုအပ်မှုအခြေအနေများ၊ သာမန်အဆင့် ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဇွန်လဆန်းတွင် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး စာသင်ခန်းများ၊ ကွန်ပျူတာခန်းများနှင့် Lab ခန်းများ၊ အလုပ်ရုံများ အဆင်သင့်ဖြစ်စေနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး၊ သင်ကြားသင်ယူမှုဝန်းကျင်ကောင်းများ ဖြစ်စေရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစိုးရနည်းပညာကောလိပ် (မန္တလေး)သို့ရောက်ရှိပြီး ငလျင်ဒဏ်သင့်ပင်မဆောင်၊ အလုပ်ရုံနှင့် ကျောင်းသားကျောင်းသူ အိပ်ဆောင်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံကြံ့ခိုင်မှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးချိန်တွင် သာမန်အဆင့် ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်မှုအခြေအနေများ၊ အကြီးစားပြုပြင်ရန် လိုအပ်မှုအခြေအနေများကို ဆောင်ရွက်ရန်၊ ဇွန်လတွင် ကျောင်းဖွင့်ချိန်၌ ကျောင်းလုပ်ငန်းများ အဆင်ပြေပြေ ဆောင်ရွက်နိုင်အောင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လတ်တလောပြုပြင်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ရေရှည်တွင် ငလျင်ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရေးနှင့် ထိခိုက်မှုလျော့နည်းအောင် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လုပ်ငန်းများပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် Samaritan’s Purse International Relief ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲနှင့် အရေးပေါ်ဆေးရုံ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲကျင်းပ




နေပြည်တော် မေ ၇

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့တွင် အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ကိုယ်စား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် အမေရိကန်အခြေစိုက် Samaritan’s Purse International Relief ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲနှင့် အရေးပေါ်ဆေးရုံ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။**

ဦးစွာ အခမ်းအနား တက်ရောက်သူများသည် မန္တလေးငလျင်ကြီးတွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ကြသည်။ ယင်းနောက် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားရာတွင် မန္တလေးငလျင်ကြီးကြောင့် မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဆေးရုံ၊ ဆေးခန်းပေါင်း ၃၅၀ ကျော် ပျက်စီးခဲ့ရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှု အကူအညီများအား ဖိတ်ခေါ်ခဲ့ရာ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ အရေးပေါ်ဆေးအဖွဲ့ ၂၈ ဖွဲ့ လာရောက်ကူညီပေးခဲ့ပြီး Samaritan’s Purse International Relief လည်း အပါအဝင်ဖြစ်ပါကြောင်း၊ Samaritan’s Purse ဆေးအဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ရွှေကြာပင်အားကစားကွင်း၌ ဧပြီ ၅ ရက်မှစတင်၍ ယာယီဆေးရုံဖွင့်လှစ်ကာ ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ပြင်ပလူနာအပါအဝင် လူနာစုစုပေါင်း ၅၀၀၀ ကျော်အား အရေးပေါ်ခွဲစိတ်ကုသခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့် အိမ်ထောင်စု ၅၀၀၀ အတွက် ဆိုလာမီးများ၊ ရေသန့်စက်များ၊ အိမ်ထောင်စုသုံးပစ္စည်းများ အစရှိသည်တို့ကို ထောက်ပံ့ပေးခဲ့ပါကြောင်း၊ Samaritan’s Purse အဖွဲ့သည် ရွှေကြာပင်အားကစားကွင်းရှိ အရေးပေါ်ဆေးကုသမှုဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည့်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူလူထုကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ငလျင်ဒဏ်သင့် ဒေသများတွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သလို ပုံမှန် ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ ဒဏ်ရာရလူနာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း လစ်ဟင်းမှုမရှိအောင် အဘက်ဘက်မှ ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍ ကူးစက်ရောဂါဖြစ်ပွားမှုများမရှိစေရေး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရောဂါကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် Samaritan’s Purse International Relief အဖွဲ့မှ အဖွဲ့ခေါင်းဆောင် မစ္စတာ ဂျွန်မေလ်တန်နှင့် ဆေးရုံအုပ်ချုပ်မှု ဒါရိုက်တာ မစ္စတာ ပီတာဟော့ဇ်တို့က Samaritan’s Purse ဆေးအဖွဲ့၏ မြန်မာနိုင်ငံတွင် ငလျင်တုံ့ပြန်ရေး အရေးပေါ်ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် အရေးပေါ်ဆေးရုံ လွှဲပြောင်းပေးအပ်မည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Samaritan’s Purse International Relief ဆေးအဖွဲ့မှ ရွှေကြာပင်အားကစားကွင်းရှိ အရေးပေါ်ဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး (အပေါ်ပုံ) ပြည်ထောင်စုဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

Samaritan’s Purse International Relief အဖွဲ့အနေဖြင့် ဧပြီ ၅ ရက်မှ မေ ၆ ရက်အတွင်း ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင် အားကစားကွင်းရှိ အရေးပေါ် ဆေးကုသမှုဆေးရုံတွင် ခွဲစိတ်ကုသမှုပေါင်း ၃၀၃ ခု၊ လူနာပေါင်း ၅၈၁၃ ဦးအား ကုသမှုပေးခဲ့ပြီး ယခုလှူဒါန်း လွှဲပြောင်းပေးခဲ့သော အရေးပေါ်ဆေးရုံတွင် အရေးပေါ် ဆေးကုသဆောင်၊ လူနာဆောင်များ၊ အရေးပေါ် ခွဲစိတ်ခန်းများ၊ ဆေးပေးခန်း၊ ဓာတ်ခွဲခန်း၊ ရေသန့်စင်စနစ်များ ပါဝင်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းခန့် တန်ဖိုးရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန်ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး https://sacoffice.gov.mm
၂။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၃။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၄။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၅။ Myawady Webportal https://myawady.net.mm
၆။ Myanmar National Portal https://myanmar.gov.mm

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း သွားရောက်ကြည့်ရှုစစ်ဆေး


ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ရေကြောင်းလူငယ်သင်တန်းသားများအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၇

တပ်မတော်(ရေ)က ၂၀၂၅ ခုနှစ် ရေကြောင်းလူငယ်အခြေခံသင်တန်း(၁/၂၀၂၅)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်း(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၁ ခုတွင် သင်တန်းသားစုစုပေါင်း ၈၀၀ ဖြင့် ဧပြီ ၂၂ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိသည်။

ထိုသို့ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွင့်လှစ်ပို့ချလျက်ရှိသည့် နေပြည်တော်စခန်း တန်းခွဲ(၁) နှင့် တန်းခွဲ(၂)သို့ သွားရောက်ခဲ့ပြီး သင်တန်းသားများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။ ထို့နောက် သင်တန်းသားများ စာတွေ့လက်တွေ့ သင်ကြားလေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၇

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) နှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၅)သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ၂၀၂၅ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှစတင်၍ ဖွင့်လှစ်လျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၅၀ အားလည်းကောင်း၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား ၅၁ ဦး အားလည်းကောင်း၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းမှ သင်တန်းသား ၅၄ ဦးအားလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော် သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးအားလည်းကောင်း၊ ကျိုင်းတုံမြို့ရှိကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၆ ဦးအားလည်းကောင်း အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့် ဓာတ်သွေးဓာတ်မာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့် သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်(လေ)၏ နေ့စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန်အတွက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများသို့ သွားရောက်၍ လက်တွေ့ ကွင်းဆင်းလေ့လာခြင်းများလည်း ဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ရွှေနတ်တောင်ရေလှောင်တမံ၌ ရေကြောင်းလူငယ်အခြေခံ/ တန်းမြင့် သင်တန်းအမှတ်စဉ်(၁/၂၀၂၅)သို့ တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် သင်တန်းသားများအား ရေကြောင်းဆိုင်ရာ ဘာသာရပ်များဖြစ်သော အနောက်တိုင်း လေးယောက်လှော်လှေ (Tub Four) လေ့ကျင့်လှော်ခတ်ခြင်းနှင့် ရွက်လှေ (Optimoist Boat) အား လက်တွေ့ပို့ချသင်ကြားနေမှုအား လည်းကောင်း၊ မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)၌ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/ ၂၀၂၅)သို့ တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် လေကြောင်းလူငယ်သင်တန်းသားများအား လေကြောင်းဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချနေမှုများအားလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သင်တန်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်းနည်းပြများနှင့်တွေ့ဆုံကာ သင်တန်းအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


လေကြောင်းလူငယ်သင်တန်းသားများအား လေကြောင်းဆိုင်ရာဘာသာရပ်များ လက်တွေ့သင်ကြားပို့ချစဉ်။

# လူထုအခြေပြုဗဟိုဌာနတွင် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်း (အခမဲ့)ဆက်လက်သင်ကြားပေးခဲ့



**ကျောက်ဆည် မေ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ဧပြီ ၃၀ ရက် နံနက်ပိုင်းက တစ်နိုင်တစ်ပိုင် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာများတတ်မြောက်ပြီး မိသားစုအပိုဝင်ငွေမှ စီးပွားဖြစ်ဝင်ငွေရရှိရေးအတွက် လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှု နည်းပညာသင်တန်း (အခမဲ့)ဆက်လက်သင်ကြားပေးခဲ့သည်။

သင်တန်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်တင်တင်ထွေးက ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ကိုယ်ပိုင်စီးပွားရေးထူထောင်ပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး သင်တန်းနည်းပြဆရာမ ဒေါ်အေးအေးဝင်းက ဘက်စုံသုံးဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည် ပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ၂၀၂၅ ခုနှစ် ဧပြီ ၂၈ ရက်မှ ဧပြီ ၃၀ ရက်အထိ သုံးရက်ကြာ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား သင်တန်းနည်းပြဆရာမက စာတွေ့၊ လက်တွေ့(အခမဲ့)သင်ကြားပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

**စုစုအေး(ကျောက်ဆည်)**

*-*-*-*-*-*-*

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းတောင်ရိုး ရှင်ဖြူရှင်လှဘုရားကြီး၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသောအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းတွင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၇

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ရှင်ဖြူရှင်လှဘုရားကြီးတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားခန်းမ၌ ရွှေမင်းဝံရပ်ကွက်၊ နီလာရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ ပျူကံရပ်ကွက်၊ စီတီးရပ်ကွက်နှင့် မီးရထားရပ်ကွက်တို့မှ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ငလျင်ဒဏ်သင့်ပြည်သူများအတွက် အိမ်ထောင်စုတစ်စုလျှင် စောင်၊ ခြင်ထောင်၊ တီရှပ်၊ ပုဆိုး၊ လုံချည်၊ ဒန်အိုး၊ ဇလုံ၊ ဇွန်း၊ ဆပ်ပြာ၊ ရေဖလား၊ ပန်းကန်ပြား၊ သောက်ရေခွက်၊ မိုးကာ၊ ဓား၊ မျက်နှာသစ်တဘက်နှင့် ကော်ပုံး စုစုပေါင်း ၁၆ မျိုး၊ အာဆီယံလူသားချင်းစာနာထောက်ထားမှု ကူညီရေးညှိနှိုင်းမှုဗဟိုဌာန (AHA Center) မှ မီးဖိုချောင်သုံးပစ္စည်းများနှင့် ဘရူနိုင်းနိုင်ငံက တစ်ကိုယ်ရေသုံးပစ္စည်းတို့ ထောက်ပံ့ပေးဝေနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပန်းပဲတန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင်အဆောက်အအုံများအား ဖယ်ရှားရှင်းလင်းနေမှုများနှင့် ပိုးတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားကာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့ကို စခန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တိုးချဲ့ကျောင်းဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၆ လမ်း၊ ၈၆ လမ်းထောင့် အမှတ် (၂၀) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော ခိုင်သဇင်တစ်ထပ်စာသင်ဆောင်၊ ခိုင်ရွှေဝါ တစ်ထပ်စာသင်ဆောင်၊ ကုံကော် သုံးထပ်စာသင်ဆောင်၊ နဝရတ်ဆောင်ရှိ မြတ်စေတနာခန်းမ၊ ကျောင်းစာကြည့်တိုက်နှင့် စတိုခန်းတို့ကို အသိအမှတ်ပြုလက်မှတ်ရအင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း စစ်ဆေးနေမှုများ၊ Level-1 အဆင့် စစ်ဆေးပြီး အဆောက်အအုံများအား ပျက်စီးမှုအဆင့်အတန်းအလိုက် Post Earthquake Assessement သတ်မှတ်၍ ခွဲခြားထားသည့်အရောင်များအတိုင်း အဆင့်သတ်မှတ်မှုအခြေအနေများကို လိုက်လံကြည့်ရှု၍ ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ၂၆ လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အမှတ် (၂၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများ၊ ထွန်းသစ္စာ နှစ်ထပ်ကျောင်းဆောင်၌ Grade-12 Camp (လေ့ကျင့်ရေးစခန်း) ဖွင့်လှစ်ထားရှိသည့် အခြေအနေများ၊ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော မြစန္ဒာ၊ မြသီတာ၊ မြဇေယျာ၊ မိဘမေတ္တာ၊ သီရိနှင့် မြရတနာ နှစ်ထပ်စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးရုံး၊ ငွေသန်းမြင့်ခန်းမ၊ သိပ္ပံလက်တွေ့စမ်းသပ်ခန်း၊ ရေသန့်စက်၊ ရေစင်နေရာတို့ကို အသိအမှတ်ပြုလက်မှတ်ရအင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း စစ်ဆေးနေမှုများနှင့် Level-1 အဆင့်စစ်ဆေးပြီး အဆောက်အအုံများအား ပျက်စီးမှုအဆင့်အတန်းအလိုက် Post Earthquake Assessement သတ်မှတ်၍ ခွဲခြားထားသည့်အရောင်များအတိုင်း အဆင့်သတ်မှတ်မှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသည့် အဆောက်အအုံများအနက် အသိအမှတ်ပြု လက်မှတ်ရအင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပြီးစီးသည့် အဆောက်အအုံများအား ဦးစားပေးအဆင့်အလိုက် ဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးနှင့် အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများကို စနစ်တကျပြန်လည်ပြုပြင်ထိန်းသိမ်းသွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမရပူရမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ရေကြည်ပေါက်)၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများ စုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် အောင်မြေသာစံမြို့နယ် အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကာ စာသင်ကျောင်းများရှိ ငလျင်ဒဏ်ကြောင်း ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ ကွင်းပြင်တွင် ငလျင်ဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်လျက်ရှိသော Modular House များ တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ ရွှေလင်းပင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များ၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေး၍ ဆရာတော်ကြီးများအား အလှူငွေများ ပေးအပ်လှူဒါန်းကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများက ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်နှင့် တံစိုး-မင်းစုသွားကားလမ်းမပေါ်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံများအား ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများရှင်းလင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ထိခိုက်မှုမရှိစေဘဲ ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်မီးကြိုးများကို စနစ်တကျ ကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ထိခိုက်မှုမရှိစေရန်နှင့် အပျက်အစီးများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန် အမြန်ရှင်းလင်းဆောင်ရွက်နိုင်ရေး မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၉ သို့ ❐

❐ စာမျက်နှာ ၈ မှ

ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိအဆောက်အအုံ ၆၄၅၁ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည် ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၆၁၄၆ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၃၀၅ လုံးမှ အဆောက်အအုံ ၂၇၇ လုံးအား ရှင်းလင်း ဆောင်ရွက်နိုင်ခဲ့ကာ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၂၈ လုံး ဖြစ်သည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် မြေစာရင်းရုံးရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အဆောက်အအုံများအားသွားရောက်ကြည့်ရှုစစ်ဆေး၍ ယာယီရုံး ဖွင့်လှစ်ဆောင်ရွက်ရန်အတွက် Modular House နှစ်လုံး တည်ဆောက်ပေးမည့်မြေနေရာအား ရွေးချယ်ပေးပြီး အဆောက်အအုံပျက်စီးဆုံးရှုံးမှုများအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြ၍ လမ်းညွှန်မှုခံယူသွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ်ရှိ မြတ်မင်္ဂလာသီလရှင်စာသင်တိုက်သို့ သွားရောက်၍ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့်တိုင်ပင်၍ ငလျင်ဒဏ်အင်အား ရစ်(ချ်)တာစကေးအဆင့်(၈)အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန်လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စက်ရုံထုတ် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း လျှောက်ထားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် ယနေ့တွင် ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်းနှင့် သီလရှင်ကျောင်း တစ်ကျောင်းတို့အား စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ဘိလပ်မြေအိတ် ၁၈၀၀၊ 10mm သံချောင်း ၂ ဒသမ ၅ တန်၊ 16 mm သံချောင်းငါးတန်၊ အထပ်သားချပ် ၄၀ တို့ကို တိုက်ရိုက် ရောင်းချပေးနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

## မြေငလျင်ဒဏ်ကြောင့် နေအိမ်များ ပြိုကျပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် မေ ၇

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် မြေငလျင်ဒဏ်ကြောင့် မိသားစုဝင်နေအိမ်များ ပြိုကျပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများအား ထောက်ပံ့ငွေ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများ တက်ရောက်ကြသည်။



ထောက်ပံ့ငွေများ ပေးအပ်

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် မြေငလျင်ဒဏ်ကြောင့် မိသားစုဝင်နေအိမ်များ ပြိုကျ/ပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စစ်ကိုင်းမြို့၌ ငလျင်ဘေးသင့် ပြည်သူများနှင့် ကလေးငယ်များအား စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

စစ်ကိုင်း မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ ငလျင်ဘေးသင့် ပြည်သူများနှင့် ကလေးငယ်များအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရန်အတွက် စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မန္တလေးငလျင်ကြီးကြောင့် လူသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ နေအိမ်များ ပျက်စီးပြိုလဲခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ အဆိုပါထိခိုက်ခံစားရသည့် ပြည်သူများအား လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနက စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်း ဆောင်ရွက်မည့်အဖွဲ့နှစ်ဖွဲ့ဖြင့် စိတ်လူမှု ဆိုင်ရာ ပံ့ပိုးမှု လိုအပ်နေသူများအား တွေ့ဆုံအားပေးပြီး အမျိုးသမီးရှိသော အိမ်ထောင်စုများအတွက် Dignity Kit များနှင့် ကလေးငယ်များရှိသော အိမ်ထောင်စုများအတွက် Child Kit များကို ပေးအပ်ခဲ့ကြသည်။

အလားတူ ငလျင်ဘေးသင့် ကလေးငယ်များကိုလည်း ပျော်ရွှင်စေသည့် အစီအစဉ်များနှင့် Games ကစားနည်းများဖြင့် စုပေါင်းပျော်ရွှင်စွာ ကစားစေပြီး အဆိုပါစိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်း ဆောင်ရွက်မည့်အဖွဲ့များသည် စစ်ကိုင်းမြို့ နှစ်(၇၀၀) ပြည့်အားကစားခန်းမရှိ ငလျင်ဘေးသင့် အိမ်ထောင်စု ၂၁၁ စုနှင့် ငလျင်ဘေးကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများနှင့် ကလေးငယ်များအား စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

နေလင်းအောင်(ပြန်/ဆက်)



## မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် EMI အဖွဲ့မှ ပညာရှင်များ ငလျင်ဘေးဒဏ်သင့် အဆောက်အအုံများကို ပူးပေါင်းစစ်ဆေး



မန္တလေး မေ ၇

မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းနှင့် Engineering Ministries International ( EMI ) အဖွဲ့မှအင်ဂျင်နီယာပညာရှင်များသည် မေ ၁ ရက်မှစ၍ မန္တလေးမြို့ရှိ လူနေအိမ်အဆောက်အအုံများ၊ အများပြည်သူသုံးအဆောက်အအုံများ ကြံ့ခိုင်မှုကို ပူးပေါင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် မန္တလေးမြို့တွင် လူနေအိမ် နှစ်လုံး ၊ ရွှေဆိုင် နှစ်ဆိုင်၊ ဘုရားကျောင်း နှစ်ကျောင်း၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်နှင့်မန္တလေးတက္ကသိုလ် တို့ကို စစ်ဆေးခဲ့ပြီး မေ ၉ ရက်အထိ ဆက်လက်စစ်ဆေး အကြံပြုပေးသွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းက ဧပြီ ၆ ရက်မှ ယနေ့အထိ နေအိမ်အဆောက်အအုံ ၃၀၀ ကျော်ကိုစစ်ဆေး အကြံပြုပေးခဲ့ပြီး မေ ၉ ရက်အထိ ဆက်လက်စစ်ဆေး အကြံပြုပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့ရှိ မိမိတို့နေအိမ်များကို ကြံ့ခိုင်မှုစစ်ဆေးရန် အကြံပြုအကူအညီလိုအပ်သော အိမ်ပိုင်ရှင်များက ဖုန်း ၀၉၂၀၄၄၁၄၂၊ ၀၉၂၀၂၇၃၃၁ တို့သို့ အကူအညီတောင်းခံလာပါက အဆောက်အအုံများကို ဆက်လက်စစ်ဆေး အကြံပြုပေးမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ကျင်းပ

မန္တလေး မေ ၇

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် Community Centre ခန်းမ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးအရာရှိ ဦးမြင့်သိန်း စိုးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်း သိမ်းရေးနေ့နှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ချစ်က ပြောကြားရာတွင် ကမ္ဘာ့ကုလသမဂ္ဂမှ ကြီးမှူး၍ ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင် ၁၉၇၂ ခုနှစ်၊ ဇွန် ၅ ရက်မှ ၁၆ ရက်အထိ ကမ္ဘာ့ပထမဆုံး သောပတ်ဝန်းကျင်ထိန်းသိမ်း ရေးညီလာခံအမည်ဖြင့် လူသားပတ်ဝန်းကျင်ညီလာခံကြီးကို ကျင်းပခဲ့ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကမ္ဘာနှင့်အဝန်း အလေးပေး ဆောင်ရွက်ကြရန် တွန်းအားပေးလိုက်တဲ့ အဆိုပါညီလာခံ စတင်ကျင်းပတဲ့ ဇွန် ၅ ရက်ကို "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ World Environment Day" အဖြစ် သတ်မှတ်ခဲ့ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးများတွင် နှစ်စဉ်လှည့်လည်ကျင်းပခဲ့ကြောင်း၊ ယခု ၂၀၂၅ ခုနှစ်မှာတော့ (၅၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို UNEP မှ ဦးဆောင်၍ ကိုရီးယား သမ္မတနိုင်ငံ (ဂျယ်ဂျူအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) မှာ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှာဆိုရင်လည်း နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများက ဇွန် ၅ ရက်မှာ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း စသည့်အကြောင်းအရာများကို အကျယ်တဝင့်ပြောကြားခဲ့ကြောင်း သိရသည်။

(၀၅၆)

၀-၀-၀-၀-၀

၀-၀-၀




# ကန့်ဘလူမြို့နယ် သင်ပေါင်းကျောင်းကျေးရွာကို PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ သေဆုံး၊ ဒဏ်ရာများရရှိ

**နေပြည်တော် မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သင်ပေါင်းကျောင်းကျေးရွာကို PDF အမည်ခံအကြမ်းဖက်သမားများက မေ ၆ ရက် နံနက်ပိုင်းတွင် Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မေ ၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ကန့်ဘလူမြို့နယ် သင်ပေါင်းကျောင်းကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏တောင်ဘက် မီတာ ၈၀၀ ခန့်အမြင့်မှနေ၍ Drone ဖြင့် Drop Bomb များ လာရောက်ပစ်ချတိုက်ခိုက်ခဲ့ရာဗုံးသီးများကျရောက်ပေါက်ကွဲမှုကြောင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်နေကြသည့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အေးချမ်းစွာနေထိုင်နေကြသော ဒေသခံပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများက ရွံ့ရှာစက်ဆုပ် မုန်းတီးလျက်ရှိကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်၏ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်မှုတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

PDF အမည်ခံ အကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ် သင်ပေါင်းကျောင်းကျေးရွာအတွင်းသို့ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြမြေပုံ။



# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း မေ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ယမန်နေ့ ညနေ ၄ နာရီက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လျှော့ချရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက တောမီးရှို့ခြင်းများ မပြုလုပ်စေရေး၊ မီးခိုးမြူငွေ့ဖုံးလွှမ်းသည့် ကိစ္စရပ်များမဖြစ်ပေါ်စေရေး၊ တောင်ယာမီး၊ တောမီးများမရှို့စေရန် အသိပညာပေးခြင်း၊ အရေးယူတားဆီးခြင်း၊ သစ်တောများထိန်းသိမ်းကာကွယ်ခြင်းတို့ကို ထိရောက်စွာဆောင်ရွက်ခြင်းအားဖြင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ထိန်းချုပ်လျှော့ချကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြား၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရာဇီ(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀

# စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ မေ ၅ ရက်က လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၅ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (စစ်ကိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ကိုင်းမြို့ တကောင်းရပ်ကွက်၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် စလင်းမြို့နယ် ရွာတန်းရှည်ကျေးရွာနေ သန့်ဇော်ထွန်း (၂၅)နှစ် မောင်းနှင်လာသော SHN-18/ RLG ××× MITSUBISHI PAJERO ခဲရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သန့်ဇော်ထွန်းအား စစ်ကိုင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ဇမ္ဗူသီရိမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မေ ၃ ရက် ညနေ ၅ နာရီက ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်ရှိ တည်းခိုခန်းအား ဝင်ရောက်ရှာဖွေရာ တည်းခိုနေထိုင်သူ သက်နိုင်ထွန်း၊ မစုမြတ်ဖြိုး၊ မပုံ့ဖြိုးဝေ(ခ)ဂျူးဂျူးတို့နှင့်အတူ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water အလေးချိန် ၉၂၅ ဂရမ်၊ ကက်တမင်း အလေးချိန် ၂ ဒသမ ၅ ဂရမ်၊ အက်တက်စီဆေးပြား နှစ်ပြားနှင့် လက်ကိုင်ဖုန်း လေးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မေ ၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က သက်နိုင်ထွန်း နေထိုင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်ရှိ နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ် သည့် အက်တက်စီဆေးပြား ၃၀၀ ၊ ကက်တမင်း အလေးချိန် ၁၅၀ ဂရမ်နှင့် Happy Water အလေးချိန် ၃၀၀ ဂရမ်တို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သက်နိုင်ထွန်း(၄၂)နှစ်၊ မစုမြတ်ဖြိုး(၂၄)နှစ်နှင့် မပုံ့ဖြိုးဝေ(ခ)ဂျူးဂျူး(၂၃)နှစ်တို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အောက်ဝဲပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့် အတူ မေ ၂ ရက် ညနေ ၄ နာရီခွဲက တာချီလိတ်မြို့နယ်၊ ဝေလေလန်ကျေးရွာအနီးတွင် အိုက်ဦး(ခ)အိုက်စိုင်း မောင်းနှင်ပြီး အိုက်ကျိုင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် မနန်းဆွေ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်ဦး(ခ)အိုက်စိုင်း(၅၀)နှစ်၊ အိုက်ကျိုင်း (၄၇)နှစ်နှင့် မနန်းဆွေ(၃၀)နှစ်တို့အား ဝမ်ပုံနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

၀-၀-၀

## ဟိန္ဒူမိသားစုများကူညီထောက်ပံ့ရေးအဖွဲ့(မြန်မာ)မှ ကြီးမှူး၍ ငလျင်ဘေးကြောင့် ကွယ်လွန်သူများအား ဆုတောင်းမေတ္တာပို့သ၊ ဘုရားကျောင်းများသို့ ငွေလှူဒါန်း

**မန္တလေး မေ ၇**

သနန္တဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ် ဟိန္ဒူမိသားစုများ ကူညီထောက်ပံ့ရေးအဖွဲ့ (မြန်မာ)မှ ကြီးမှူး၍ မန္တလေးငလျင်ဘေးကြောင့် ကွယ်လွန်သွားကြသော ရဟန်းရှင်လူပြည်သူများအတွက် ဆုတောင်းမေတ္တာပို့သပွဲကို မေ ၄ ရက် ညနေ ၄ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၉ လမ်းနှင့် လမ်း၈၀ကြားရှိ စနာသ(န်)ဘုရားကျောင်းခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ ဟိန္ဒူဘုရားကျောင်းဂေါပကအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မင်္ဂလာဆီမီးတိုင် ထွန်းညှိ၍ အခမ်းအနား ဖွင့်လှစ်ခြင်း၊ ဆီမီးဒီပ ၁၀၈ ထွန်းညှိ၍ ဂါထာမန္တန် ရွတ်ဆိုခြင်း၊ ငလျင်ဘေးကြောင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ရဟန်းရှင်လူပြည်သူများအတွက် တစ်မိနစ် ငြိမ်သက်စွာဖြင့် ဆုတောင်းမေတ္တာ ပို့သကြသည်။

ထို့နောက် ဟိန္ဒူမိသားစုများ ကူညီထောက်ပံ့ရေးအဖွဲ့(မြန်မာ) ဥက္ကဋ္ဌ ဒေါက်တာ လှထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးမြို့မှ ငလျင်ဘေးသင့်ပြည်သူများအတွက် ကူညီပံ့ပိုးရေးလုပ်ငန်းများကို မတ် ၂၉ ရက်မှ ဧပြီ ၃၀ ရက်အထိ ပရဟိတစိတ်ဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော စေတနာရှင်များနှင့် စေတနာလုပ်အားပေး ဟိန္ဒူအမျိုးသား၊ အမျိုးသမီးအဖွဲ့များအား ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ မန္တလေးမြို့ရှိ ဟိန္ဒူဘုရားကျောင်းများ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ဘက်စုံပြုပြင်ရန်ငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် အတွင်းရေးမှူး ဦးမောင်သိန်းက ငလျင်ဘေး ဆောင်ရွက်ခဲ့မှုများနှင့် ဆေးဝါးများ ထောက်ပံ့ခဲ့မှုများအား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(၀၄၅)






## MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံး ပစ္စည်းများအား သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေး

**နေပြည်တော် မေ ၇**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ပြည်သူများအား ဈေးကားကြီး (အရောင်းယာဉ်) ဖြင့် MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်း စသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို မေ ၆ ရက်တွင် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနများသို့ သွားရောက်ရောင်းချပေးခဲ့ပြီး ကျန်ရှိနေသေးသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပြည်သူများကိုလည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် နေပြည်တော်အတွင်းရှိ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများ၏ စားဝတ်နေရေး အခက်အခဲများ ပြေလည်စေရန် အတွက် အခြေခံစားသောက်ကုန်များ လှူဒါန်းပေးခြင်းအပြင် MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်း စသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို သက်သာသောဈေးနှုန်းဖြင့် ယခုလို လှည့်လည်ရောင်းချပေးခြင်းဖြစ်ပြီး အဆိုပါဈေးရောင်းချပေးခြင်းကို မေ ၅ ရက်မှစတင်၍ တစ်လကြာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

**အောင်ကို(မြန်/ဆက်)**

## မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ ကြီးမှူး၍ ငလျင်အပြီး အဆောက်အအုံအကဲဖြတ်ခြင်းနှင့် ပြုပြင်ခြင်းနည်းပညာသင်တန်း ဖွင့်လှစ်

**မန္တလေး မေ ၇**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှကြီးမှူး၍ ငလျင်အပြီး အဆောက်အအုံအကဲဖြတ်ခြင်းနှင့် ပြုပြင်ခြင်း နည်းပညာ Post Earthquake Building Assessment and Repair Technique သင်တန်းကို မေ ၅ ရက် မွန်းလွဲ ၁ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်းနှင့်၁၄လမ်းထောင့်ရှိ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံ ခန်းမတွင် ကျင်းပသည်။

ဟောပြောပွဲအခမ်းအနားသို့ ဗိသုကာပညာရှင်များ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ၊ Project Engineers များ၊ Structure Engineers များ၊ နည်းပညာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ စိတ်ဝင်စားသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း အထွေထွေ အတွင်းရေးမှူး ဦးကိုကိုလေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

သင်တန်းတွင် သင်တန်းပို့ချသော ပြည်ပပညာရှင် Mrs. Sarah Dunn၊ Mr.Samuel Carrara၊ Craig Cole၊ Jaclyn Miller တို့က မိတ်ဆက်စကားပြောကြားပြီး "Damage Assessment, Repair & Retrofit" သိကောင်းစရာများကို မျှဝေပို့ချသည်။ ဆက်လက်၍ "Disaster Risk Reduction for Water & Sanitation" အကြောင်းအရာများကိုလည်းကောင်း၊ "Build Back Safer Traning of Traniner" အကြောင်းအရာများကို သင်ကြားပို့ချပေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသောမေးခွန်းများ မေးမြန်းကြရာ ဆရာများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

(၀၄၅)

## ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ မေ ၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်အတွက် မေ ၅ ရက် နံနက် ၇ နာရီက မြို့မစည်ပင်သာယာဈေးကြီးတွင် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့် ဦးဆောင်သော ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့်အတူ မြို့မစည်ပင်သာယာဈေးသို့သွားရောက်ပြီး ဈေးသူ၊ ဈေးသားများကို တွေ့ဆုံကာ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန်အတွက် ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရန်နှင့် ပလတ်စတစ် အစားထိုးပစ္စည်းများဖြစ်သော အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ကိုသာ သုံးစွဲကြရန်၊ ဈေးဝယ်ရာ၌ မိမိတို့နေအိမ်မှ လက်ဆွဲခြင်း (သို့မဟုတ်) ထည့်စရာ တစ်ခုခုတို့ကို တစ်ပါတည်း ယူဆောင်လာကြရန် စသည့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မြို့မဈေး အတွင်း၊ အပြင်ရှိ ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်လာပြည်သူများကို သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးပြီး ဈေးရောင်း၊ ဈေးဝယ်ရာတွင် အသုံးပြုရန် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

(၄၄၅)

## တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို တာဝန်ရှိသူများ ကြည့်ရှုအားပေး

**ကလေး မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့တွင် ကလေးတက္ကသိုလ်မှ ဆရာ၊ဆရာမများက တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အလိုက် သင်ကြားနေမှုကို မေ ၄ ရက် နံနက်ပိုင်းက ကလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး အားပေးစကားများ ပြောကြားခဲ့သည်။

ကလေးတက္ကသိုလ်တွင် ကလေးမြို့နယ်အတွင်းမှ Grade-12 တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ကလေးတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ကျော်ဆိုင်က ကျောင်းသား၊ ကျောင်းသူများအား သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများအား ဆရာ၊ ဆရာမများ၏ သင်ကြားမှုအား သေချာစွာ လေ့လာမှတ်သား၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို "အခက်အခဲများမှ ရုန်းထလို့၊ မိမိအရည်အသွေး ထုတ်ပြဖို့၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြပါစို့" ဆောင်ပုဒ်နှင့်အညီ အောင်မြင်အောင် ကြိုးစားဖြေဆိုကြရန် မှာကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ လိုအပ်ချက် တင်ပြမှုများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ တွေ့ဆုံပွဲသို့ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကလေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(မြန်/ဆက်)**




## ပီတိပညာရေးပရဟိတမှ အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာမကြီး နှစ်ဦးအား ထောက်ပံ့

**သရက် မေ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာမကြီး နှစ်ဦးအား ငွေကျပ် ၁၅ သိန်း ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်စာကြည့်တိုက် Community Centre ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ဦးက အငြိမ်းစားယူပြီး ဆရာကြီး၊ ဆရာမကြီးများ လစဉ်အလှူငွေပေးအပ်ရာတွင် စေတနာအလှူငွေ ကောက်ခံသည့်စနစ်ဖြင့် ဆောင်ရွက်၍ ထောက်ပံ့ငွေ ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး ပီတိပညာရေးပရဟိတအဖွဲ့ဝင် ဦးမြင့်သိန်းက စေတနာအလှူငွေကောက်ခံ ဆောင်ရွက်ရသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အငြိမ်းစားပင်စင်ယူထားသည့် ဒေါ်မာမာအေး မူလတန်းပြ(မီးသွေးဖုတ်)နှင့် ဒေါ်မာမာဝင်း မူလတန်းပြ(အမက အနောက်ရပ်)တို့အား ပီတိပညာရေးပရဟိတမှ ထောက်ပံ့ ငွေကျပ် ၁၅ သိန်းစီအား ပီတိပညာအဖွဲ့ မြို့နယ်ပညာရေးမှူးက ပေးအပ်ရာ လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ယင်းနောက် အငြိမ်းစားသက်ကြီးဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေး စောင့်ရှောက်ရန်အတွက် အလှူငွေကျပ် ၃၀၀၀၀ လှူဒါန်းပေးခဲ့ရာ ပီတိပညာရေးအဖွဲ့ဝင် ဒေါ်တင်တင်ယုက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

## အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ဝမ်းပျက်၊ ဝမ်းလျှောကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေး

**မန္တလေး မေ ၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မေလ ၆ရက် နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးဗဟိုအကျဉ်းထောင်တွင် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး(Pfizer)ထိုးနှံပေးခြင်းနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ဟန့်တားကာကွယ်ဆေး(OraVacs) ပထမအကြိမ် တိုက်ကျွေးခြင်း လုပ်ငန်းဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက အကျဉ်းဦးစီးဌာန ဗဟိုအကျဉ်းထောင်(မန္တလေး)မှ အကျဉ်းသား၊ အကျဉ်းသူများ၊ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုဝင် စုစုပေါင်း ၁၇၆၁ ဦးတို့အား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး(Pfizer)ထိုးနှံပေးခြင်းနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ဟန့်တားကာကွယ်ဆေး(OraVacs) ပထမအကြိမ် တိုက်ကျွေးခြင်းလုပ်ငန်းဆောင်ရွက်ကြရာ အကျဉ်းထောင်တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

(ဝဲပုံ) (၀၉၃)

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်လှစ်

**ကျွန်းလှ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်အတွက် မေ ၆ ရက် နံနက် ၉ နာရီက မြို့နယ်စုပေါင်းရုံးခန်းမ၌ သင်တန်းဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကျွန်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဖြိုးသန့်ဇင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးခိုင်မင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၆ ရက်မှ ၁၀ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၈၀)**



## ဂျိုကျေးရွာ၌ တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**မန္တလေး မေ ၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် ဂျိုကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် မေ ၆ ရက် နံနက် ၁၀ နာရီက တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမျိုးလှိုင်က တောင်သူများအား ငလျင်ကြောင့် စိုက်ပျိုးမြေများ ပြောင်းလဲမှုအခြေအနေ၊ စိုက်ပျိုးမှုနည်းစနစ်၊ မျိုးစေ့ရွေးချယ်မှုနှင့် ရာသီဥတုပြောင်းလဲမှုခံနိုင်သည့် မျိုးစေ့များ ရွေးချယ်စိုက်ပျိုးနိုင်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မဟာအောင်မြေခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားတာဝန်ခံဒေါ်ယဉ်မိုးအေးက သီးနှံအလိုက် ကျတတ်သည့် ပိုးမွှားအကြောင်း၊ ပိုးမွှားကျရောက်မှုကို ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆေးနှင့် ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲနိုင်ရေးနည်းလမ်းများကိုလည်းကောင်း မျိုးစေ့တာဝန်ခံ ဒေါ်နှင်းဖြူအေး မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆွေးနွေးတိုင်ပင်ရွေးချယ်စိုက်ပျိုးနိုင်ရေးတို့ကို အသိပညာပေးဆွေးနွေးခဲ့သည်။ ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာသော တောင်သူများမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဆွေးနွေးပွဲသို့ မဟာအောင်မြေခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၈၄)**



## မင်းဘူးမြို့နယ်၌ ဒေသထွက် ခေါင်းအုံးနှင့် ဖက်လုံးများ တွင်ကျယ်စွာ လုပ်ကိုင်ရောင်းချလျက်ရှိ

**မင်းဘူး မေ ၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ အမှတ်(၃) ရွာမရပ်ကွက်တွင် ထွက်ရှိသော ခေါင်းအုံးနှင့် ဖက်လုံးများ တွင်ကျယ်စွာ လုပ်ကိုင်ရောင်းချနေရကြောင်း ခေါင်းအုံးလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

"ကျွန်တော်တို့မိသားစုက မိဘဘိုးဘွားများလက်ထက်ကစလို့ ဒီလုပ်ငန်းကိုလုပ်ကိုင်ခဲ့တာပါ။ ကုန်ကြမ်းတွေကို မန္တလေး ဂွမ်းဖတ်စက်ရုံများမှ ဝယ်ယူပြီး လုပ်ကိုင်ပါတယ်။ ဒီနှစ်မှာ ခေါင်းအုံးတစ်လုံးလျှင် ငွေကျပ် ၂၅၀၀၊ ၃၅၀၀၊ ၅၀၀၀ နှင့် ဖက်လုံးတစ်လုံးလျှင် ၃၅၀၀၊ ၅၀၀၀၊ ၇၀၀၀ စသည်ဖြင့် အကြီး အသေးအလိုက် ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချနေရပြီး ရောင်းအားကောင်းကာ တွင်ကျယ်စွာ လုပ်ကိုင်နေရပါတယ်" ဟု ခေါင်းအုံးနှင့် ဖက်လုံးလုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းသိန်းက ပြောသည်။



အဆိုပါ လုပ်ငန်းလုပ်ကိုင်ရာတွင် ခေါင်းအုံးအမျိုးမျိုး၊ ဖက်လုံးအမျိုးမျိုး စသည့် လူသုံးကုန် ပစ္စည်းများ ပြုလုပ်ရောင်းချ၍ မြို့ပေါ်ရပ်ကွက်များ၊ ဈေးများနှင့် နီးစပ်ရာကျေးရွာများမှ အိမ်ဆိုင်များအပြင် အလှူမင်္ဂလာပွဲများကလည်း မှာယူလျက်ရှိနေခြင်းကြောင့် တွင်ကျယ်စွာ လုပ်ကိုင်ရောင်းချလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(၅၀၄)**

**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး၊**
**သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး။**

## နဂါးပွက်တောင်တွင် မန္တလေးလျှင်ကြီးကြောင့် ဘုရားခန်းနံရံများ၊ စောင်းတန်းနှင့် ပျက်စီးသွားသည့် နေရာအချို့အား ပြန်လည်ပြုပြင်



**မင်းဘူး မေ ၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ နဂါးပွက်တောင်၌ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသောနေရာအချို့အား ပြန်လည်ပြုပြင်နိုင်ရန် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်နှင့် တာဝန်ရှိသူများက ယမန်နေ့နံနက် ၁၀ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

နဂါးပွက်တောင်တွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ဘုရားခန်းနံရံများ၊ စောင်းတန်း၊ အစ်မတော် မောင်တော်အဆောင်၊ ဘောဂဝတီတန်ဆောင်း မျက်နှာကြက်နှင့် ကွန်ကရစ်အခင်းများ၊ နဂါးရေကန်၊ VIPရုံးခန်း၊ ဝန်ထမ်းများနားနေဆောင်၊ မန္တလေးဆောင်၊ မုခ်ဦး၊ ရေကန်နှင့် ရေနုတ်မြောင်းများ အက်ကွဲပျက်စီးသွားကြောင်း သိရသည်။

"ကျွန်တော်တို့ နဂါးပွက်တောင်ဟာ သမိုင်းဝင်အထင်ကရနေရာတစ်ခုဖြစ်ပြီး မကွေးမြသလွန်၊ ရှင်ပင်စက္ကိန်းတဲ၊ မန်းရွှေစက်တော်၊ ကျောင်းတော်ရာဘုရားများနှင့် ခရီးစဉ်တစ်ဆက်တစ်စပ်တည်း တည်ရှိနေတာကြောင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ မကြာခဏဝင်ထွက် လေ့လာလျက်ရှိပါတယ်။ ဒါကြောင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မေလ ဒုတိယပတ်မှစပြီး ငလျင်ကြောင့် ပျက်စီးသွားတဲ့ နေရာတွေကို ပြန်လည်ပြုပြင်သွားမှာပါ"ဟု မင်းဘူးမြို့ နဂါးပွက်တောင် သာယာလှပရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောသည်။

(အပေါ်ဝဲပုံ)

(၅၀၄)



## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာနှင့် EM ဖျော်ရည် လုပ်နည်းသင်တန်းဖွင့်

**ရေနံချောင်း မေ ၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စု၊ ရှားတပင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းကို မေ ၆ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်မင်းနိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ရှားတပင်ကျေးရွာ၌ သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်း ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို ကြိုးစားသင်ယူမှတ်သားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သဘာဝမြေဩဇာပြုလုပ်နည်းများကို လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ သင်တန်းသို့ ရေနံချောင်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးအောင်မင်းနိုင်နှင့်အဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှားတပင်ကျေးရွာမှ သင်တန်းသား၂၀ဦး တက်ရောက်ကြပြီး သင်တန်းအား ယခုနှစ် မေ ၆ရက်မှ ၈ရက်အထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

(အပေါ်ပုံ)

နော်လူး

## ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နေကြာနှမ်းစိုက်ပျိုးဧက ၁၅၅၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

**မိတ္ထီလာ မေ ၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်တွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နေ့နှမ်းသီးနှံ စိုက်ပျိုးဧက ၁၅၅၄၈ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ မိတ္ထီလာခရိုင်အတွင်း နှမ်းစိုက်ဧကများ နှမ်းသီးနှံအထွက်နှုန်းနည်းပါးသည့်အတွက် နှမ်းသီးနှံများ သတ်မှတ်လျာထားသည့်အထွက်နှုန်းများရရှိစေရန် နှမ်းစိုက်တောင်သူများနှင့် တွေ့ဆုံပြီး နှမ်းစိုက်တောင်သူများ၏ နှမ်းသီးနှံစိုက်ပျိုးရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ နည်းပညာလိုအပ်ချက်များ၊ အရင်းအနှီးလိုအပ်ချက်များ၊ သွင်းအားစု၊ မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေ၊ မြေပြုပြင်ရန်လိုအပ်မှု အခြေအနေများနှင့် ပိုးမွှားအန္တရာယ်နှိမ်နင်းနိုင်ရန် ကာကွယ်ဆေးများစသည့် လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၌ ဆီထွက်သီးနှံဖြစ်သည့် နေ့နှမ်းသီးနှံကို ဆည်ရေကန်ရေတို့ဖြင့် စိုက်ပျိုးဧက ၈၀၉၈ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားခဲ့ပြီး ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစတင်၍ စိုက်ပျိုးလျက်ရှိသည်။

ယင်းသို့ သတ်မှတ်လျာထားပြီး စိုက်ပျိုးခဲ့ရာ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှု အောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ဆည်ရေ၊ ကန်ရေများအပြင် စက်ရေတွင်းများတွင် နေ့နှမ်းစိုက်ဧက ၁၅၅၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ရာသတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၄၆၉)



## တက္ကသိုလ်ဝင်တန်း Grade-12 စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေးတိုက်ကျွေး

**မြစ်သား မေ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်း Grade-12 စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမြတ်ကိုနှင့် ကျန်းမာရေးဝန်ထမ်းများက ဦးဆောင်ကာ အဆိုပါကျောင်းတွင် တိုက်ကျွေးခဲ့သည်။

ထို့နောက် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားအောင်ကြိုတင်ကာကွယ်ဆေးတိုက်ကျွေးရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်ပြည့်ဖြိုးဦးနှင့် တာဝန်ရှိသူများ၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသီတာနှင့် ဆရာ၊ ဆရာမများက ကာကွယ်ဆေးတိုက်ကျွေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းမင်းထွန်း(ပြန်/ဆက်)

*-*-*-*-*-*

## မွေးမြူရေးလုပ်ငန်းရှင်များမှ မန္တလေးမြို့ပြည်သူများအား ကြက်ဥ၊ ကြက်သားများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**မန္တလေး မေ ၇**

မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၂ လမ်း၊ ၃၉လမ်းနှင့် လမ်း၄၀ကြား ရှိ မနော်ရမ္မံကွင်းမြို့တော်ညဈေးနေရာတွင် အပတ်စဉ် ဗုဒ္ဓဟူး၊ စနေနေ့များတွင် နံနက် ၇နာရီမှ ၁၀နာရီအထိ ကြက်ဥ၊ ကြက်သားများ၊ နို့ထွက်ပစ္စည်းများအား မန္တလေးမြို့ပြည်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသောက်နိုင်ရန် ရောင်းချပေးလျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ မေ ၃ရက်က ရောင်းချပေးရာတွင် ကြက်ဥ ၁၁လုံးပါတစ်ထုပ်လျှင်ငွေကျပ် ၄၀၀၀၊ သန့်စင်ပြီး ကြက်သား တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ ဖြင့် ရောင်းချပေးခဲ့ပြီး ကြက်ဥ၊ ကြက်သားများအပြင် နွားနို့ အပါအဝင် နို့ထွက်ပစ္စည်းများအား ဈေးနှုန်းချိုသာစွာ ရောင်းချပေးကြောင်း သိရသည်။

(ဝဲပုံ)(၀၄၅)

# စာအုပ်စင်ကဏ္ဍ

| | |
|---|---|
| စာအုပ်အမည် | - ပုဂံအနုပညာ |
| စာရေးသူ | - ဇော်ဂျီ |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၇၀၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - တော်တီဆွေ |
| ထုတ်ဝေသည့် ကာလ | - ၂၀၂၃ ၊ နိုဝင်ဘာလ |

ပုဂံခေတ်ပန်းချီ၊ ဂီတ၊ အနုပညာစာများကို စုစည်းထုတ်ဝေထားသည့် ယဉ်ကျေးမှုဆိုင်ရာ စာအုပ်ဖြစ်သည်။ ဆောင်းပါး အပုဒ် ၂၀ စုစည်းထားပြီး ပုဂံပြည်၏ ကျက်သရေ၊ ပုဂံခေတ်၊ ပန်းချီသဘော၊ ပုဂံခေတ်ဗုဒ္ဓဝင် ပန်းချီ၊ ပုဂံခေတ်မဟာယာနပန်းချီ၊ ပုဂံခေတ်တန္တရပန်းချီ၊ ပုဂံခေတ် မျက်မှောက်ပန်းချီ(၁)၊ (၂)၊ (၃) ပုဂံကနုတ်ပန်း၊ ပုဂံခေတ်နှင့် ပန်းချီပညာ၊ ပုဂံခေတ်ဂီတ၊ ရှေးရိုးမြန်မာ့ပန်းချီ၊ မျက်မှောက်ခေတ်မြန်မာ ပန်းချီ၊ ပန်းချီမေတ္တာစာ၊ မြန်မာ နိုင်ငံနှင့် ဗုဒ္ဓဘာသာအနုပညာ၊ ဒုရင်ပါ ကြေးအကွေးအကြောင်း မှတ်စု၊ မြန်မာတို့၏သဘင်ပညာ သမိုင်းချုပ်၊ မြန်မာ့အနုပညာ အချုပ်အခြာဆောင်းပါးများနှင့် အင်္ဂလိပ်ဘာသာစကားဖြင့် ရေးသားထားသည့် ART IN MYANMAR၊ MYANMAR ARCHITECTURE၊ BURMESE MUSIC AND DANCING ဆောင်းပါးတို့ ဖြစ်သည်။

| | |
|---|---|
| စာအုပ်အမည် | - အိပ်မက်ဗိမာန် |
| စာရေးသူ | - ကဘော်မြေမောင်မောင် |
| ထုတ်ဝေသည့်စာပေတိုက် | - နှစ်ကာလများစာပေ |
| တန်ဖိုး | - ၅၀၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - မောင်ဒေး |
| ထုတ်ဝေသည့်ကာလ | - ၂၀၁၉၊ ဇူလိုင်လ |




အမေရိကန် စာရေးဆရာမ (Jeannette Walls) ရေးသားသည့် (The Glass Castle) မူရင်းစာအုပ်ကို မြန်မာပြန်ဆို ရေးသားထားသည့် ဘဝအတွေ့အကြုံ တကယ့်အဖြစ်အပျက် စာအုပ်လည်းဖြစ်သည်။

မူရင်းစာရေးသူက သူ၏ ငယ်စဉ်ဘဝ အတွေ့အကြုံများကို အမှတ်တရဝတ္ထုအဖြစ် ရေးဖွဲ့တင်ပြထားပုံမှာ ကျောချမ်းဖွယ်ကောင်းလှသည်။ ဖခင်ဖြစ်သူမှာ ဉာဏ်ရည်ထက်မြက်ပြီး နှစ်လိုဖွယ်ရုပ်ရည်ရူပကာရှိသော်လည်း အလုပ်အကိုင်မမြဲသည့်အပြင် မူးလျှင် သွေးဆိုးတတ်သော အရက်သမားကြီးဖြစ်သလို မိခင်ဖြစ်သူမှာလည်း မိမိသင်ယူထားသည့် ကျောင်းစာသင်ပြသော အလုပ်ကို စိတ်မဝင်စားရုံသာမက အိမ်ထောင်ထိန်းသိမ်းခြင်း၊ သား၊ သမီးများအား ပြုစုပျိုးထောင်ခြင်းတာဝန်များကိုပါ မျက်ကွယ်ပြုလျက် လွတ်လပ်စွာ နေလိုသူဖြစ်သည်။ စိတ်ကူးကမ္ဘာတွင် လွင့်မျောမွေ့လျော်နေကြကာ လက်တွေ့မပါသည့် အိပ်မက်များဖြင့်သာ သား၊ သမီးများကို မျှော်လင့်ချက်ပေးခဲ့ကြသူများ ဖြစ်ပြီး ရင်ခုန်စိတ်လှုပ်ရှားဖွယ် ဖတ်ရှုရမည့်စာအုပ်ဖြစ်ရာ မန္တလေး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ဖော်ညွှန်းသီ

ရှေးရိုးမြန်မာပန်းချီ အစဉ်အလာအရ ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာဟူ၍ ပန်းချီလေးမျိုးရှိသည်ဟုဆိုလေသည်။ ဤတွင် ကနုတ်ဆိုသည်မှာ အကွေး၊ အကော့ အခွေ၊ အလိပ်ပန်းပုံအမျိုးမျိုးဟူ၍လည်းကောင်း၊ နာရီဆိုသည်မှာ မိန်းမရုပ်အမျိုးမျိုးဟူ၍လည်းကောင်း၊ ကပီဆိုသည်မှာ မျောက်ရုပ်၊ ဘီလူးရုပ်စသည်ဟူ၍လည်းကောင်း၊ ဂဇာဆိုသည်မှာ ဆင်ရုပ်၊ ခြင်္သေ့ရုပ် စသည်ဟူ၍လည်းကောင်း ဆိုလေသည်။

(ပုဂံကနုတ်ပန်းမှ–)

ပုဂံခေတ်နံရံဆေးရေးပန်းချီပုံများဖြင့် ဖော်ပြထားသည့် မြန်မာ့ယဉ်ကျေးမှု အနုပညာသမိုင်းအမွေအနှစ်ကို တန်ဖိုးကြီးစွာ ရရှိနိုင်မည့် စာအုပ်ကောင်းဖြစ်ရာ စိတ်ကူးချိုချိုစာအုပ်ဆိုင်နှင့်မန္တလေး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




ဖတ်စရာ၊ မှတ်စရာ စုံလင် ယုဇနလေး

## ဂုဏ်ရောင်ဝင့်ကြွား မြန်မာ့သနပ်ခါး

* မြန်ပြည်ရဲ့ သယံဇာတ
သဘာဝ အပင်မည်။
အမျိုးသမီးတို့ မြတ်နိုးလျက်
အလွန်နှစ်သက်သည်။
အသားအရေတို့ စိုပြည်ရည်
ဝင်းဝါတည် ဂုဏ်ရည်အား။
ရနံ့သင်းစွာ ကြိုင်လှိုင်ခတ် ပါတဲ့
မြန်မာ့သနပ်ခါး။

* သနပ်ခါးကို လိမ်းကာထား ရင်ဖြင့်
လှဝင့်ကြွား ရနံ့ဖြာ။
ပတ်ဝန်းကျင်ကို သန့်ရှင်းခြင်း
ဖြန့်ခင်းပေရာ။
ချိန်ခါမရွေး အေးမြကာ
ချမ်းသာစွာ နေထိုင်ရ။
ရာသီမရွေး အစဉ်မပြတ် ပါလို့
လွှမ်းထပ်အလှ ။

* ကမ္ဘာမယ် ဝင့်ဝင့်ကြွ ပါလို့
အထင်အရှားခ အမည်တွင်။
မြန်မာတို့ရဲ့ ယဉ်ကျေးမှု
ဆစ်ထုထားအသွင်။
လိမ်းခြယ်ပါလို့ အမျိုးဂုဏ်အင်
စောင့်ထိန်းအစဉ် တာဝန်အမှု။
မြန်မာ့ဂုဏ်ဆောင် သနပ်ခါး ကိုပ
စွမ်းဆောင်ဖော်ပြု ။ ။

မင်းမြတ်မိုး(မန်းမြေ)

## ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**သရက် မေ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၉နာရီက ပြည်တော်အေးရပ်ကွက်၊ ဆင်ဖြူတော်ဘုရားကြီးမွှာရုံတွင် မြို့ပေါ်(၈) ရပ်ကွက်မှ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေး ထိုးနှံပေးရာတွင် မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးရာတွင် အသက်နှစ်လ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ပထမအကြိမ်)၊ လေးလအရွယ်ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ဒုတိယအကြိမ်၊ ခြောက်လတွင် (တတိယအကြိမ်) ထိုးနှံရပြီး အသက်ကိုးလတွင် ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုး (ပထမအကြိမ်)နှင့် အသက်တစ်နှစ်ခွဲမှာ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်) ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀





## လူထုအခြေပြုဗဟိုဌာနခန်းမတွင် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**တာလေ မေ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် နွေရာသီကျောင်းပိတ်ရက်များတွင် လူငယ်များ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ မေ ၅ ရက် နံနက် ၉နာရီခွဲက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ပုံပြင်ပြောပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပုံပြင်ပြောပြိုင်ပွဲကျင်းပရာ ကျောင်းသား ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုလက်ဆောင်နှင့် ပြိုင်ပွဲဝင်ကလေးများအား အာဟာရဖြည့်မုန့်များ ပေးဝေခဲ့ကြကြောင်း သိရသည်။**(ဓဲပုံ)မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတောင်တော်ရှိ သာသနိကအဆောက်အအုံများ ပြုပြင်ရေး ကျိုက်ထီးဆောင်းဆရာတော်က ငွေများ လှူဒါန်း



**မန္တလေး မေ ၇**

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သိမ်၊ တန်ဆောင်း၊ ပြာသာဒ်များအား ဂေါပကအဖွဲ့ကကြီးမှူး၍ ပြန်လည်ပြုပြင်လျက်ရှိရာ စေတနာရှင်များက ငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။ မေ ၄ရက် နံနက်ပိုင်းက ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္ဘာ့ငြိမ်းချမ်းရေးဂုဏ်ထူးဆောင်ပါရဂူ ဒေါက်တာ ဘဒ္ဒန္တနာဂဒီပဆရာတော်က ငွေကျပ်သိန်း ၅၀ လာရောက်လှူဒါန်းရာ မန္တလေးတောင်တော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပေးအပ်ခဲ့သည်။

ကုသိုလ်ရှင်များအနေဖြင့် သံ(၃မူး)၀ ဒသမ ၂၅ တန်လျှင် ငွေကျပ် ၉၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ သံ(၃မူး) ၀ ဒသမ ၅ တန်လျှင် ငွေကျပ် ၁၉၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ သံ(၃မူး)တစ်တန်လျှင် ငွေကျပ် ၃၈၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထုံး တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့်လည်းကောင်း၊ သဲ တစ်ကျင်းလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ချိပင်ကျောက် တစ်ကျင်းလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊(B)ကျောက်တစ်ကျင်းလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အုတ် တစ်ချပ်လျှင် ငွေကျပ် ၃၅၀ နှုန်းဖြင့်လည်းကောင်း၊ ဆီဆေး တစ်ဂါလန်လျှင် ငွေကျပ် ၇၄၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဆေး တစ်ဂါလန်လျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဆေး တစ်ပုံးလျှင် ငွေကျပ် ၂၂၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ 1'x1' ကြွေပြား တစ်ချပ်လျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့်လည်းကောင်း မန္တလေးတောင်ဂေါပကအဖွဲ့ရုံးနှင့် ဆုတောင်းပြည့်ဘုရားရင်ပြင်၊ အလှူခံဌာနတို့တွင်လည်းကောင်း၊ ဂေါပကအဖွဲ့ ဖုန်း ၀၉-၇၈၇၆၅၉၇၇၅ နှင့် ၀၉-၄၄၁၀၃၈၈၇၇ တို့တွင်လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၄၅)

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းခြင်းနှင့် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**စစ်ကိုင်း မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့၊ရတနာစေတီဆင်များရှင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇာဂရထံမှ စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်နိုင်၊ စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မြင့်ဟန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူခြင်း၊ စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များရှိ အိမ်ထောင်စုများအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်းပြီး ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ငလျင်ဘေးသင့်နေအိမ်များအား စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပမည်

**မန္တလေး မေ ၇**

မန္တလေး၊ မဟာဝိဇယကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစာရ (သဒ္ဓမ္မဇောတိကဓဇ)နှင့် (ညီ)တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒက (သာသနဓဇဓမ္မာစရိယ) ဆရာတော်တို့ဦးဆောင်၍ မဟာဝိဇယသာသနာပြု ယောဂီအဖွဲ့မှ ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းလှူပူဇော်ပွဲကို ကဆုန်လပြည့်နေ့ မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီအထိ အဆိုပါ မဟာဝိဇယကျောင်းတိုက်အတွင်းရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ကဆုန်လပြည့်နေ့ ညနေပိုင်းတွင် ဃောစရဂါမ်အတွင်းရှိ လူငယ်မောင်မယ်များက ညောင်ရေအိုးများ ကိုင်ဆောင်ကာ ရပ်ကွက်အတွင်းသို့ လှည့်လည်ပြီး မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြမည်ဖြစ်သည်။ ညောင်ရေသွန်းလောင်းလှူပွဲသို့ လာရောက်ကြမည့် ဧည့်ပရိသတ်များအား ညနေစာ စတုဒိသာ ထမင်းကျွေးမွေးကုသိုလ်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၅၁)

၀-၀-၀-၀-၀

## ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံသို့ မွေးနေ့အထိမ်းအမှတ် ငွေလှူဒါန်း




**မန္တလေး မေ ၇**

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၆၂လမ်းနှင့် ၁၅ လမ်းထိပ်ရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး အလှူခံဌာနတွင် ယမန်နေ့က အလှူရှင် အောင်မြေသာစံမြို့နယ် ဇီဝိတဒါနဆေးရုံဝန်ထမ်းအိမ်ရာနေ ကိုကျော်မင်းဌေး+မယဉ်ဝေထွန်း(သမီး) အမရာရွှေဘို့ သုံးလပြည့်မွေးနေ့ အလှူတော်အဖြစ် အလှူငွေကျပ် ငါးသိန်းကို လာရောက်လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံ အလှူငွေများ လှူဒါန်းလိုပါက ဆေးရုံ အလှူခံဌာနတွင်လည်းကောင်း၊ ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ နှင့်ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)

> **သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး**
> **သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။**

## ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ထမ်းများက ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးဆေးကုသမှု ဆောင်ရွက်ပေး



**ပုသိမ်ကြီး မေ ၇**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီးကျေးရွာအုပ်စု၊ ကျောက်မီးကျေးရွာ ကျောက်မီးအ·ထ·ကကျောင်းသို့ မေ ၆ ရက် နံနက် ၈နာရီ ၄၅မိနစ်က Express ယာဉ်နှစ်စီးဖြင့် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ထမ်း (ကယ်ဆယ်ရေးအဖွဲ့) ဒေါက်တာ Mr. Kasemsuk Yothasamutr ပါ ၃၈ ဦးတို့ရောက်ရှိလာခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများအား ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ ဆေးကုသရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား ထိုင်းနိုင်ငံ သံအမှတ်ကြီး H.E .Mr.Mongkol Visitstump နှင့် အဖွဲ့လာရောက် ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ပြုပြင်ထားသော ကျောင်းဆောင်များအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင်၊ ကျောက်မီးတိုက်နယ်ဆေးရုံမှ ဒေါက်တာအောင်သီဟနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လဝကတိုက်နယ်မှူး ဦးအောင်နိုင်ဝင်း၊ ကျောင်းအုပ်ကြီး ဦးမောင်မောင်နှင့် ဆရာ၊ ဆရာမများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

စာနည်းကိုကို

၀-၀-၀-၀-၀

# မိုးဦးလေဦးချိန်နှင့် လျှပ်စစ်၏ ဘဝသံသရာများ

မည်သည့်အတွက် မိုးဦးလေဦးကျခါစမှာ လိုင်းအပြစ်များ ရခြင်း ဖြစ်ပါသနည်း။ မိုးဦးကျ လေဦးစပူသော ဆိုရိုးစကားကဲ့သို့ပင် မိုးစတင်ရွာသွန်းပြီး လေပြည်ခပ်ပြင်းပြင်းတိုက်လျှင် မီးခဏခဏ ပျက်ပါတော့သည်။ အဘယ်ကြောင့်နည်း။ ဓာတ်အားလိုင်းဟုဆိုရာတွင် ကောင်းကင်ဓာတ်အားလိုင်းနှင့် မြေအောက်ဓာတ်အားလိုင်းဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ အဆိုပါ ဓာတ်အားလိုင်း အမျိုးအစားများအလိုက် ယေဘုယျအားဖြင့် အောက်ပါအတိုင်း လိုင်းအပြစ်များ ဖြစ်ပွားနိုင်ပါသည်။

**(က) ကောင်းကင်ဓာတ်အားလိုင်းတွင် အပြစ်ဖြစ်ခြင်း**

ရန်ကုန်မြို့တွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းပိုင် ဓာတ်အားလိုင်းများ၏ ၆၀ ရာခိုင်နှုန်းခန့်သည် ကောင်းကင်ဓာတ်အားလိုင်းကြိုးများဟုခေါ်သော ဓာတ်အားလိုင်းတိုင်များပေါ်တွင် တည်ဆောက်ထားကြပါသည်။ အဆိုပါ ကောင်းကင်ဓာတ်အားလိုင်းများအနက် ဖြန့်ဖြူးရေးလိုင်းဟုခေါ်သော 66/33/11-6.6/0.4KV ဓာတ်အားလိုင်းများတွင် ကာဗာမပါသော ACSR လိုင်းများနှင့် HDCB/HDSC လိုင်းများ ကျန်ရှိနေပါသေးသည်။ ၎င်းတို့အား လဲလှယ်ရန် ကြိုးစားဆောင်ရွက်ဆဲဖြစ်ပါသည်။ သစ်ပင်သစ်ကိုင်းများသည် နွေရာသီကာလတွင် အဆိုပါ ဓာတ်အားလိုင်းများအပေါ်၌ အုပ်မိုး၍သော်လည်းကောင်း၊ မထိတထိ အနေအထားဖြင့်လည်းကောင်း တည်ရှိနေကြသော်လည်း လျှပ်ကူးမှုမရှိ၍ အပြစ်မဖြစ်ပါ။ သို့ရာတွင် မိုးရွာသည့်အခါ ယခင်ဓာတ်အားလိုင်းဖြင့် လွတ်ကင်းနေခဲ့သော်လည်း မိုးရေ၏ ဝိတ်ဖြင့် ထိ၍သော်လည်းကောင်း၊ ထိနေသော သစ်ကိုင်းခြောက်သည် မိုးရေ၏ အစိုဓာတ်ဖြင့် လျှပ်ကူး၍သော်လည်းကောင်း၊ မိုးလေကြောင့် သစ်ကိုင်းများ ကျိုးခြင်းကြောင့်သော်လည်းကောင်း အပြစ်များ ဖြစ်ပေါ်လာရပါသည်။ တစ်ခါတစ်ရံ အပြစ်ကိုအလွယ်တကူတွေ့ရှိဖယ်ရှားနိုင်သော်လည်း တစ်ခါတစ်ရံ အဆိုပါအပြစ်ကြောင့် နောက်ဆက်တွဲပြဿနာများအဖြစ် ဓာတ်အားလိုင်း (သို့မဟုတ်)ဓာတ်အားခွဲရုံအား ထိခိုက်ပျက်စီးမှုများ ကြုံတွေ့ကြရပြီး ဓာတ်အားပြတ်တောက်မှု ကြာမြင့်တတ်ပါသည်။

**(ခ) မြေအောက်ကြိုးအပြစ်ဖြစ်ခြင်း**

မိုးဦးကျလေဦးစ၌ ကောင်းကင်ဓာတ်အားလိုင်းတွင် အထက်ပါ အပြစ်ဖြစ်ပေါ်နိုင်သကဲ့သို့ မြေအောက်ကြိုးတွင်လည်း မိုးရေဝင်ရောက်မှုကြောင့် နွေရာသီကာလတစ်လျှောက်ပူပြင်းသဖြင့် ကေဘယ်လ်များသည် ကြွပ်ဆတ်လျက်ရှိပါသည်။ မိုးရွာသည့်အခါ မိုးရေများသည် မြေအောက်ရှိ ကေဘယ်လ် Termination မှ တစ်ဆင့် စီးဝင်၍သော်လည်းကောင်း၊ Join ဟောင်းမှတစ်ဆင့် စိမ့်ဝင်၍သော်လည်းကောင်း၊ ကောင်းကင်ဓာတ်အားလိုင်းနှင့် ဆက်စပ်သော မြေအောက်ကြိုးများတွင် ကောင်းကင်လိုင်းအပြစ်၏ Fault အရှိန်ကြောင့် အပြစ်ဟောင်းနေရာတွင်လည်းကောင်း အပြစ်ဖြစ်တတ်ပါသည်။ အချုပ်အားဖြင့်ပြောရလျှင် မိုးစရွာလျှင် ဤကဲ့သို့အပြစ်များ ဖြစ်တတ်ပါကြောင်းနှင့် မိုးရွာသွန်းမှုများပြီး မိုးရာသီသို့ရောက်ပါက ထိစရာရှိသော သစ်ကိုင်းများထိ၍ ရှင်းလင်းပြီး ဝင်စရာရှိသော မိုးရေများဝင်ပြီးဖြစ်၍ အပြစ်ဖြစ်မှုသည် မိုးဦးကျကာလတွင်သာ ပို၍များတတ်ပါကြောင်း သိရှိနိုင်ကြပါရန် ရှင်းလင်းတင်ပြအပ်ပါသည်။ ထပ်မံရှင်းလင်းတင်ပြလိုသည်မှာ ယခုတလော facebook တွင် Post တစ်ခုတက်လာပါသည်။ 'VIP ပဲ မီးပေးမယ်။ ကျန်တာမပေးဘူး'ဟုဆိုပြီး Post တက်လာပါသည်။ လူတွေက Post ကိုရှယ်ပြီး ဆဲကြပါသည်။ ယခုလည်း No Load Shed ပေးမည်ဆိုသည်နှင့် VIP ပဲပေးမှာပေါ့ဆိုပြီး လုပ်နေကြပြန်ပါပြီ။ EPC မှာ VIP ဆိုတာ မရှိဘူးလား၊ ဘယ်လိုအရာမျိုးကို VIP သတ်မှတ်ပြီး ဘယ်လို မီးပေးသလဲဆိုသည်ကိုတော့ ရှင်းပြထားမှသာ သဘောပေါက်ကြပါမည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးနှင့်အထက်သည် VIP ပါ။ ဒါဆိုသူတို့အိမ်တွေ မီးပေးထားမှာပေါ့ဆိုလျှင် မပေးထားပါဘူးဟု ဖြေရပါလိမ့်မည်။ ဌာနသတ်မှတ်ချက်က အဆိုပါရာထူးများအတွက် သတ်မှတ်ထားသော်လည်း ယင်းပုဂ္ဂိုလ်များ၏ နိုင်ငံတော်အဆင့် အခမ်းအနားများအတွက်သာ တရားဝင်ဓာတ်အားပေးရမည် ဖြစ်ပါသည်။ အသေးစိတ်ပြောရရင် ဥပမာ - နိုင်ငံတော်အဆင့် ကျင်းပတဲ့အခမ်းအနားတစ်ခုကို (ဖွင့်ပွဲ၊ အစည်းအဝေး ဆိုပါစို့)ဖော်ပြပါပုဂ္ဂိုလ်များ တက်ရောက်မည်ဆိုပါက အချိန်အကန့်အသတ်ဖြင့် ကျင်းပမည့်အချိန်၏ တစ်နာရီအလိုနှင့် ပွဲကျင်းပပြီးနောက် တစ်နာရီအကြာ ၄င်းကာလအတွင်း အခမ်းအနား အဆက်အခဲမရှိအောင် ဓာတ်အားပေးပါသည်။ အခမ်းအနားမစတင်ခင် မီးပေးထား၍ ကျင်းပပြီးလျှင် ပြန်ပိတ်ရပါသည်။ ကျန်အချိန်များတွင် သာမန်အားဖြင့် လူကြီးလာပြီး လက်ဖက်ရည်သောက်လို့ ဓာတ်အားပေးတာတို့ အိမ်ပြန်ရောက်နေလို့ ဓာတ်အားပေးတာတို့ စသည်ဖြင့် လုံးဝခွင့်ပြုထားခြင်း မရှိပါ။ ဤသည်မှာ VIP နဲ့ပတ်သက်၍ ဌာန၏တရားဝင် လုပ်ထုံးလုပ်နည်း ဖြစ်ပါသည်။ နောက်တစ်ခုပြောလိုသည်မှာ မီးလင်းတာမြင်တာနှင့် EPC က ဓာတ်အားပေးထားတယ်ဟု ထင်နေကြခြင်း ဖြစ်သည်။ မီးလင်းအောင်လုပ်သည့် နည်းအများကြီးရှိပါသည်။ မီးစက်မောင်းမလား၊ ဆိုလာသုံးမလား၊ ဘက်ထရီအင်ဗာတာသုံးမလားစသည့်ဖြင့်အမျိုးမျိုးကြောင့်လည်း ဖြစ်နိုင်ပါသည်။ တစ်ခုအကြံပေးချင်သည်မှာ ကိုယ့်အိမ်မီးလာရင် ဟိုဘက်အိမ် မီးပျက်သလားဆိုသည်ကိုလည်း တစ်ချက်လောက်လေးကြည့်ကြပါဦး။ ကိုယ့်အိမ်ပျက်ပြီး ဟိုဘက်အိမ်လာတဲ့ကိစ္စပဲ ပြောနေကြလွန်းလို့ ပြောရခြင်းဖြစ်ပါသည်။

ဓာတ်အားစနစ်အတွင်း ထုတ်လုပ်မှုနဲ့ သုံးစွဲမှုညီမျှစေရန် မြို့နယ်အသီးသီး၏ ဓာတ်အားပေးဖီဒါများကို အုပ်စုလိုက်အပ်သလို (နှစ်စု၊ သုံးစု၊ ခြောက်စု)စသည်ဖြင့် ခွဲ၍ အလှည့်ကျပုံမှန် ဝန်အားလျှော့ခြင်းများ ပြုလုပ်ရပါသည်။ ထုတ်လုပ်နိုင်မှုအရ မဂ္ဂါဝပ်ဘယ်လောက်ရှိပြီး သုံးစွဲနိုင်မှုက ဓာတ်အားဘယ်လောက်ရှိသည့် ဓာတ်အားပေးနိုင်ဖို့ဆိုလျှင် အုပ်စုဘယ်နှစ်ခုခွဲမှရမည် စသည်ဖြင့် တွက်ချက်ပြီး အချိန်ဇယားအရဆို လေးနာရီလာ လေးနာရီပျက်ပေးလို့ ရမလား၊ ဒါမှမဟုတ် လေးနာရီလာ၊ ရှစ်နာရီပျက်ပေးရမလားစသည်ဖြင့် တွက်ချက်၍ သတ်မှတ်ခြင်းကို Regular Load Shed ပုံမှန်ဝန်အားလျှော့ခြင်းဟု ခေါ်ပါသည်။ ထပ်၍ရှင်းလင်းရပါလျှင်-

**(က) ဓာတ်အားပေးအုပ်စုဆိုသည်မှာ**

ဘယ်မြို့နယ်ကပါ ဘယ်အုပ်စုထဲပါသလဲမေးရင် မြို့နယ်အသီးသီးတွင် ဖီဒါအရ ခွဲခြားသတ်မှတ်ထားသော ညွှန်ကြားချက်အရ သတ်မှတ်ထားသော အုပ်စုအမျိုးအစားအလိုက် တစ်ခုခုထဲတွင် ရှိပါသည်။ ဥပမာ အုပ်စုနှစ်ခုဖြင့် ဓာတ်အားပေးမည်ဆိုပါက အများပြည်သူရပ်ကွက်များသည် A (သို့မဟုတ်) B တစ်ခုခုတွင် ပါဝင်မည်ဖြစ်ပြီး သုံးခုဆိုပါက A or B or C တွင် ပါဝင်ပါလိမ့်မည်။ မိမိပျက်သည့်အချိန်ကိုမှတ်၍ မည်သည့်အုပ်စုတွင်ပါမည်ကို အလွယ်တကူသိနိုင်ပါသည်။ ထို့သို့မဟုတ်လျှင်လည်း သက်ဆိုင်ရာ မြို့နယ်ရုံး၏ အရေးပေါ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(ခ) ဓာတ်အားပေး အချိန်ဇယားဆိုသည်မှာ**

ဓာတ်အားနိုင်နင်းမှုပမာဏအရ သတ်မှတ်ထားသော အုပ်စုအား ဘယ်နနာရီမှ ဘယ်နနာရီအထိ ဓာတ်အားပေး၍ ဓာတ်အားပြန်ပိတ်မည် စသောသတ်မှတ်ထားသော အချိန်ဇယားကိုဆိုလိုသည်။ အဆိုပါအချိန်ဇယားသည် နေ့စဉ်တစ်သမတ်တည်း ဖြစ်နေ၍မရပါ။ ဥပမာ မိမိအိမ်သည် ယနေ့ ၅-၉ နာရီ မီးလာမည်ဆိုပါက နောက်နေ့တွင် တခြားတစ်ချိန်မှာ ဓာတ်အားရရန် အလှည့်ကျစီစဉ်ရေးဆွဲခြင်းကို ဆိုလိုသည်။

အထက်ပါ(က)နဲ့ (ခ)က အုပ်စုဖြင့် အလှည့်ကျ ပုံမှန်ဝန်အားလျှော့ခြင်းအကြောင်းကို နားလည်စေဖို့ အသေးစိတ် ထပ်ရှင်းပြပါမည်။ No Load Shed ဆိုသည်နှင့် မီးလာကို လာရမည်ဟု တချို့က လွဲမှားစွာ နားလည်နေကြသည်။ No Load Shed ဆိုသည်မှာ အလှည့်ကျ ပုံမှန်ဝန်အားလျှော့ထားသည်များကို ဓာတ်အားပြန်လည်ပေးခြင်းဟုသာ ပြောလို့ရပါမည်။ No Load Shed ပေးသော်ငြားလည်း ထရန်စဖော်မာ မနိုင်ခြင်း၊ လိုင်းအပြစ်ဖြစ်ခြင်း၊ လိုအပ်၍ အရေးပေါ် LDC ဝန်အားလျှော့ခြင်းများလည်း ကြုံနိုင်ပါသဖြင့် No Load Shed ဆိုသော်ငြားလည်း မိမိအိမ်မီးလာချင်မှ လာပါလိမ့်မည်။ လာကိုလာရမည်ဟု အသေမှတ်ယူ၍ မရနိုင်ပြန်ပါ။

ထို့ကြောင့် No Load Shed ဆိုသည်မှာ ပုံမှန်ဝန်အားလျှော့ခြင်းဟုခေါ်သည့် အုပ်စုလိုက် အလှည့်ကျပုံမှန် ဝန်အားလျှော့ထားသည်များကို ဓာတ်အားပြန်ပေးခြင်းကိုသာ ဆိုလိုပါသည်။

နောက်ထပ် ရှင်းပြလိုသည်မှာ Complain များသောကိစ္စတစ်ခုဖြစ်သည့် ဘတ်ဂျက်ပိတ်ကာလ ဓာတ်အားခများခြင်းအကြောင်း ဖြစ်ပါသည်။ ဓာတ်အားခများတာ မတ်လ ဘတ်ဂျက်ကာလမို့ဟု အချို့ကပြောနေကြပါသည်။ ဘတ်ဂျက်ကာလ လက်ကျန်ဖြတ်တယ်ဆိုတာလေးပဲ နမူနာထား၍ ရှင်းပြပါမည်။ လျှပ်စစ်မီတာဘေလ်မှာ ဘတ်ဂျက်လမရှိဘူးလားဆိုပါက အစိုးရဌာနဆိုင်ရာဖြစ်၍ ရှိပါသည်။ မီတာယူနစ် ကောက်ခံခြင်းအပေါ်မှာတော့ မရှိပါဘူး။ မတ်လသည် ဘဏ္ဍာနှစ်၏ နောက်ဆုံးနှစ် ဖြစ်ပါသည်။ ထို့ကြောင့် အစိုးရဌာနအသီးသီးမှာ ထုတ်ယူထားသော သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်များကို စာရင်းပြုစုခြင်းများ၊ ငွေသားလက်ကျန်များကို ပြန်လည်စာရင်းချုပ်ခြင်း၊ အပ်နှံခြင်းများပြုလုပ်ရပါသည်။ မီတာခကောက်ခံရငွေများ၊ ကြွေးကျန်များကို စာရင်းပြုစု၍ မြို့နယ်တွင် ယာယီသိမ်းဆည်းထားသော ကောက်ခံရရှိသည့် ငွေသားလက်ကျန်အား ဘဏ္ဍာရေးနှစ်မကုန်ခင်အထိ ဘဏ်သို့ တစ်ကျပ်မကျန် အပ်နှံကြရပါသည်။ ဤကား လျှပ်စစ်သည် အစိုးရဌာနဖြစ်လို့ ဘဏ္ဍာနှစ်အပေါ် လိုက်ပါလုပ်ဆောင်ရသည့် အချက်များဖြစ်ပါသည်။

သို့သော် အချို့ရေနေ့ ပြောနေကြသလို ဘဏ္ဍာနှစ်ကုန်ခါနီးဖြစ်တာမို့ မီတာယူနစ် လက်ကျန်များ စုပြုံပေါင်းထည့်၍ လက်ကျန်ဖြတ်ခြင်းဆိုသည်မှာကား လုံးဝမဟုတ်ပါ။ လျှပ်စစ်မီတာစနစ်သည် မိမိသုံးစွဲသောပမာဏအတိုင်းသာ ကျခံရသည်ဖြစ်၍ ဒီဘဏ္ဍာနှစ်တော့ ငွေဘယ်လောက် ရရမည်ဟူ၍ သတ်မှတ်ချက်လုံးဝမရှိပါ။ အရောင်းဝန်ထမ်းများကဲ့သို့ ယူနစ်ဘယ်လောက် ဒီဘဏ္ဍာနှစ် မဖြစ်မနေ ရရမည်ဟု Target ထားခြင်းမျိုးလည်း လုံးဝမရှိပါ။ ၎င်းအတွက်ကြောင့် ယူနစ်လက်ကျန် အကုန်ပေါင်းထည့်တယ်ဆိုတာ လုံးဝမဟုတ်ပါ။ တကယ်တော့ ဓာတ်အားရရှိမှုအပေါ်မူတည်နေသော တစ်နှစ်စာ ဓာတ်အားရောင်းချပမာဏကို တိတိကျကျသတ်မှတ်ရန်လည်း မလွယ်ကူလှပါ။ ထိုသို့ဆိုပါလျှင် မီတာယူနစ်လက်ကျန်ဖြတ်တာက လုံးဝမရှိဘူးလားဟု မေးပါက ရှိပါသည်။ မီတာနှုန်းထားပြောင်းလဲမည်ဆိုပါက အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသောယူနစ်များကို အိမ်ရှင်ဖြင့်ညှိနှိုင်း၍ လက်ကျန်မဖြစ်စေရန် (တိုးသောနှုန်းထားဖြင့် မမိစေရန်) လက်ကျန်ဖြတ်လေ့ ရှိပါသည်။ ကျန်မည်သည့် ဘဏ္ဍာနှစ်တွင်မဆို ယူနစ်များပေါင်းထည့်ခြင်းများကို လုံးဝဆောင်ရွက်လေ့ မရှိကြပါ။

အချုပ်အားဖြင့်ဆိုပါက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတစ်ခုအနေဖြင့်ရှိသည့် ဓာတ်အားပမာဏအပေါ်မူတည်၍ ပြည်သူအားလုံးမျှတစွာ ဓာတ်အားရရှိစေရန် ဌာန၏ဝန်ထမ်းများအားလုံးမှ ကာယအား၊ ဉာဏအားဖြင့် အမျိုးမျိုးကြိုးစားအားထုတ်ဆောင်ရွက်ပေးလျက်ရှိနေကြခြင်းဖြစ်ရာ ပြည်သူများအနေဖြင့် ဘေးစကားများကို မယုံကြည်သင့်ကြဘဲ မိမိတို့ ဘာသာစဉ်းစားချင့်ချိန်၍ အကောင်းမြင်စိတ်ဖြင့်သာ ကြည့်ပေးကြပါဟုသာ လျှပ်စစ်ဌာနကိုယ်စား မေတ္တာရပ်ခံရေးသားတင်ပြလိုက်ရပါသည်။

**မောင်မောင်စွယ်စုံထွန်း**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Tara မှ Hyomin က ခံ့ညားသည့် ငွေကြေးချမ်းသာသူနှင့် ကံဆုံခဲ့



တီအာရာအဖွဲ့ဝင် ဟိုမင်သည် ခံ့ညား၍ ငွေကြေးကြီးကြပ်သူ၊ ချောမော၊ ပညာတတ်၊ ငွေကြေးချမ်းသာသူနှင့် ကံဆုံခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟိုမင်၏ ခင်ပွန်း ကင်ဟွမ်ဆောင်သည် Bain Capital ဆိုးလ်ခရိုင်ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဒါရိုက်တာဖြစ်ပြီး သူ့ထက် ဆယ်နှစ်ပိုကြီး၍ ဆိုးလ်အမျိုးသားတက္ကသိုလ်မှ ဘွဲ့ရရှိထားသည်။

ဟိုမင်နှင့် ချစ်သူဖြစ်စကပင် လက်ထပ်ရန် ရည်ရွယ်၍ တွဲခဲ့ပြီး တစ်ဆင့်ချင်း ခိုင်မြဲအောင် ကြိုးစားခဲ့ကာ ဧပြီလတွင် ခမ်းနားစွာ မင်္ဂလာပွဲ ကျင်းပခဲ့ခြင်း ဖြစ်သည်။

(SKY)



## အသက်ကြီးသူများ ကော်ဖီသောက်လျှင် အားနည်းခြင်း ဖြစ်နိုင်ခြေကို လျော့ကျစေနိုင်

ဥရောပ အာဟာရဂျာနယ်တွင် မကြာသေးမီက ဖော်ပြခဲ့သော လေ့လာမှုအသစ်အရ တစ်နေ့လျှင် ကော်ဖီ ၄ ခွက် မှ ၆ ခွက်(သို့မဟုတ်) ထို့ထက်ပို(တစ်ခွက်လျှင် ၁၂၅ မီလီလီတာအဖြစ် သတ်မှတ်) သောက်သုံးခြင်းသည် အသက်ကြီးသူများတွင် အားနည်းခြင်း ဖြစ်နိုင်ခြေကို လျော့ကျစေနိုင်ကြောင်း တွေ့ရှိရသည်။

ကော်ဖီနှင့်ပတ်သက်သော သိပ္ပံနည်းကျအချက်အလက်များအတွက် အဖွဲ့(ISIC)မှ ငွေကြေးထောက်ပံ့ထားသည့် အဆိုပါလေ့လာမှုက ကော်ဖီသောက်သုံးမှုနှင့် အားနည်းခြင်းကို ဖြစ်စေသော အချက်များအကြား ဆက်နွှယ်မှုကို အထူးသဖြင့် ပထမဆုံးအကြိမ် လေ့လာခဲ့သည်။

သုတေသီများသည် အမ်စတာဒမ်မြို့၏ အသက်ကြီးသူများရေရှည်လေ့လာမှု (LASA)မှ အချက်အလက်များကို အသုံးပြုကာ အသက်(၅၅)နှစ်နှင့်အထက် လူကြီး ၁,၁၆၁ ဦးကို ၇ နှစ်ကြာ လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## BTS မှ V ကို ရုရှားရုပ်မြင်သံကြားတွင် ဖော်ပြခဲ့ရ



ရုရှားအခြေစိုက် Naver ရုပ်မြင်သံကြားတွင် BTS မှ V (ခေါ်) Kim Taehyung သတင်းဖော်ပြထားခြင်းခံရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါသတင်းဌာနက "အားကစားသမားတစ်ဦးလို အားကောင်းသည်" ဟူသော ခေါင်းစဉ်နှင့် ဖော်ပြထားရာတွင် V ၏ လတ်တလောလှုပ်ရှားမှု များကို ရုရှားရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့ခြင်း ဖြစ်သည်။

ယင်းထုတ်လွှင့်မှုတွင် V သည် ကမ္ဘာလုံးဆိုင်ရာ ကြယ်ပွင့်တစ်ဦးအဖြစ် သူ၏ ဩဇာလွှမ်းမိုးမှုကို မီးမောင်းထိုးပြထားသည်။

(SKY)

## Ben Affleck က ဒါရိုက်တာ Christopher Nolan ၏ ရိုက်ကွင်း သွားလေ့လာခဲ့

ဟောလိဝုဒ်အနုပညာရှင် Ben Affleck က ဒါရိုက်တာ Christopher Nolan ၏ The Odyssey ရိုက်ကွင်းသို့ သွား၍ လေ့လာခဲ့သည်ဟု ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Christopher Nolan ၏ ရုပ်ရှင်ဖန်တီးမှုများသည် အခမ်းနားဆုံး ဖန်တီးမှုတစ်ခုဖြစ်ပြီး မျိုးဆက်တစ်ခုအတွက် သူ့လက်ရာများမှာ ကမ္ဘာတစ်ဝန်း လေးစားစရာ ဖြစ်ခဲ့သည်ဟု Ben Affleck က ပြောကြားထားသည်။

ဟောလိဝုဒ်မှ ထိပ်တန်းအနုပညာရှင်များကလည်း ဒါရိုက်တာ Christopher Nolan နှင့် ရိုက်ကူးရန် စိတ်အားထက်သန်နေကြကာ Ben Affleck လည်း ပါဝင်၍ GQ မဂ္ဂဇင်းတွင် သူလေးစားပြီး အလုပ်အတူ မလုပ်ရသေးသည့် ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေး ဆရာများအကြောင်း ပြောကြားထားသည်။

Ben Affleck က မက်ဒီမွန်နှင့် The Odyssey ရိုက်ကွင်းကို သွား၍ ဒါရိုက်တာကြီး၏ လုပ်ပုံများကို ကြည့်ရှုလေ့လာလို၍ဖြစ်ပြီး ရုပ်ရှင်ဖန်တီးမှုကို အပြိုင်အဆိုင်ဟု မမြင်ဘဲ မိမိကိုယ်ကိုဖန်တီးရသည်ကို ကြိုက်နှစ်သက်ကာ နေရာလုယူရန် ဆန္ဒမရှိကြောင်း၊ နာမည်ကြီး ဒါရိုက်တာနှင့် တစ်နေ့တွေ့ရန် မျှော်လင့်ထားကြောင်းတို့ကို ရင်ဖွင့်သွားသည်။

(SKY)




## Wang Yibo ၏ Ningbo International Circuit(NIC) ကားပြိုင်ပွဲလမ်းကြောင်း အန္တရာယ်များပြား

တရုတ်အနုပညာရှင် ဝမ်ရိပေါ် ယခင်က ပြိုင်ပွဲဝင်ခဲ့သည့် Zhuhai International Circuit (ZIC) ထက် ယခုပြိုင်ပွဲဝင်သည့် ကားပြိုင်ပွဲလမ်းကြောင်းမှာ အန္တရာယ်များပြားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယခင် ဝမ်ရိပေါ်၏ YIBO 85 မောင်းသည့် နိုင်ငံတကာပြိုင်ပွဲကျင်းပသော (ZIC)လမ်းကြောင်းသည် ၄ ဒသမ ၃ ကီလိုမီတာရှည်၍ အကွေ့ ၁၄ ခုတွင် အန္တရာယ်ကွေ့ ခြောက်ကွေ့ပါရှိကာ ယခု (NIC) လမ်းကြောင်း စိန်ခေါ်မှုသည် ၄ ဒသမ ၀၁ ကီလိုမီတာနှင့် FIA ၏ အဆင့်(၂) ပြိုင်ကွင်းဖြစ်ပြီး အကွေ့ပေါင်း ၂၂ ခုနှင့် အန္တရာယ်ကွေ့ထက်ဝက်ချို့ ပါဝင်ကာ အလွန်စိန်ခေါ်မှု မြင့်မားသည့် မြန်နှုန်းမြင့်လမ်းကြောင်း ဖြစ်သည်။

မြွေလိမ်မြွေကောက်သဖွယ် ဖန်တီးထား၍ ယာဉ်မောင်း၏ရဲစွမ်းသတ္တိနှင့် ကိုင်တွယ်မှုစွမ်းရည် စမ်းသပ်သည့် မြန်နှုန်းမြင့်အကွေ့များကြောင့် ပြိုင်ပွဲဗျူဟာရှိရန် လိုအပ်သည်။

(SKY)






## Song Zuer ၏ ဇာတ်ကားသစ်ပြသခွင့် ရရှိခဲ့

တရုတ်အနုပညာလောကမှ ဆောင်ဇူရာနှင့် ရိန်ဂျီအာလန်တို့ ပါဝင်ထားသည့် ဇာတ်ကားသစ် ထုတ်လွှင့်ခွင့်ရခဲ့၍ ပရိမိုရှင်း မဆင်းဘဲ ချက်ချင်းပြသမှုပြုလုပ်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်အနုပညာရှင် အန်ဂျလာဘေဘီ၏ ဇာတ်ကားနာမည် Black ခံထိခဲ့သလိုဖြစ်ခဲ့သည့် ဇာတ်လမ်းများကို Low Profile နှင့် ရှေ့နောက်ပြသခဲ့ပြီး ဆောင်ဇူရာ၏ ဇာတ်လမ်းလိုင်စင်ရခဲ့၍ ချက်ချင်းပြသခဲ့သည်။

တန်ဆက်မှလည်း The Prisoner of Beauty ကို ထိုနည်းတူ ပြသမည်ဖြစ်ပြီး လက်ရှိ QIYI မှ Moment But Forever ၊ Tencent မှ Such A Good Love, Yo-uku မှ Eat Run Love တို့ ပြသပေးပြီးနောက် Fushan Hai, The Truth နှင့် Zang Hai Zhuan တို့လည်း ထွက်ရှိလာမည်ဖြစ်ရာ ဆောင်ဇူရာ၏ ဇာတ်ကားလည်း ပါဝင်ခဲ့သည်။ (SKY)

## Black Pink ၏ ဂီတအယ်လ်ဘမ်သစ်တွင် MV ငါးပုဒ် ပါဝင်

ဘလက်ပင့်ခ်ဂီတအဖွဲ့၏ ဂီတအယ်လ်ဘမ်သစ် ထွက်ရှိလာရာ သီချင်း ၁၅ ပုဒ် ပါဝင်ပြီး သီချင်း ငါးပုဒ်ကို Highbudget နှင့် MV ရိုက်ကူးထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝိုင်ဂျီအင်တာတိန်းမင့်၏ တရားဝင်ထုတ်ဖော်ပြောကြားချက်အရ ဘလက်ပင့်ခ်ဂီတအဖွဲ့၏ အယ်လ်ဘမ်သစ် ထွက်ရှိလာမည်ဖြစ်ပြီး သီချင်း ၁၅ ပုဒ် ပါဝင်ကာ ငါးပုဒ်ကို အမ်တီဗီအဖြစ် မြင်တွေ့ကြရမည်ဖြစ်၍ ပရိသတ်စောင့်မျှော်နေကြသည်။

ဘလက်ပင့်ခ်အဖွဲ့ဝင်လေးဦးဖြစ်ကြသည့် ဂျီဆိုး၊ လီဆာ၊ ဂျင်းနီနှင့် ရိုဇ်တို့ တစ်ကိုယ်တော်ဖျော်ဖြေမှုများနှင့် အောင်မြင်မှုများ သိမ်းပိုက်ထားကြပြီးနောက် ဝိုင်ဂျီအင်တာတိန်းမင့်က ဂီတအယ်လ်ဘမ်သစ်ထုတ်ပေးထားခြင်းဖြစ်ရာ ဘလက်ပင့်ခ်ပရိသတ်များ စိတ်ဝင်တစား စောင့်မျှော်နေကြသည်။ (SKY)



## ဝန်ကြီးချုပ် ကာနေး၏ ပထမဆုံးအိမ်ဖြူတော်ခရီးစဉ်အတွင်း ကနေဒါနိုင်ငံကို မရောင်းနိုင်ပါဟု ထပ်လောင်းပြောကြားခဲ့



**ဝါရှင်တန် မေ ၇**

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးသည် ၎င်း၏ပထမဆုံး အိမ်ဖြူတော်ခရီးစဉ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်ကို မေ ၆ ရက်နေ့တွင် တွေ့ဆုံကာ ကနေဒါနိုင်ငံကို မရောင်းနိုင်ပါဟု ထပ်လောင်းပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကနေဒါ၏ ဝန်ကြီးချုပ်သစ် မာ့ခ်ကာနေးသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ပြောဆိုမှုကို ရင်ဆိုင်ရန် ကတိပြုခဲ့ကာ အောင်ပွဲခံခဲ့သူဖြစ်ပြီး မေ ၆ ရက်က အိုဗယ်ရုံးခန်းတွင် ကျင်းပသော တွေ့ဆုံမှုတွင် ထိုသို့ ပြောကြားရန် အခွင့်အရေးရခဲ့ခြင်းဖြစ်သည်။

ထရမ့်နှင့် ကာနေးတို့နှစ်ဦး အိမ်ဖြူတော်အိုဗယ်ရုံးခန်းတွင် တွေ့ဆုံပြီး နေ့လယ်စာစားစဉ် အမေရိကန်နှင့်ကနေဒါနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံမှုမတိုင်မီ တင်းမာမှုများရှိခဲ့သော်လည်း အဆိုပါ ခေါင်းဆောင်နှစ်ဦးသည် အပြန်အလှန် ယဉ်ကျေးဖော်ရွေစွာ ပြောဆိုဆက်ဆံခဲ့ကြပြီး ထရမ့်က ကနေဒါကို "အလွန်ထူးခြားသော နေရာ" ဟုခေါ်ဆိုကာ မိမိတို့နှစ်နိုင်ငံသည် အမြဲထာဝရမိတ်ဖက်များအဖြစ် ရှိနေမည်ဟု ပြောကြားခဲ့သည်။

ကာနေး၏ လစ်ဘရယ်ပါတီသည် ကနေဒါ၏ စီးပွားဆက်ဆံရေးကို အမေရိကန်နှင့် ပြန်လည်ညှိနှိုင်းသတ်မှတ်ရန် ကတိပြုထားပြီး အမေရိကန်တင်ပို့မှုများအပေါ် မှီခိုမှုကို လျှော့ချရန်နှင့် အခိကကဏ္ဍများကို မြင့်တက်လာသော အကောက်ခွန်များမှ ကာကွယ်ရန် နည်းလမ်းရှာကြံနေကြောင်း သိရသည်။ **Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



## ဂျာမနီဝန်ကြီးချုပ်ရွေးကောက်ရန် ပါလီမန်မဲပေးပွဲတွင် ရှေးရိုးစွဲခေါင်းဆောင် ဖရက်ဒရိတ်မားဇ်အနိုင်ရရှိခဲ့

**ဘာလင် မေ ၇**

ဂျာမနီနိုင်ငံ၏ ဝန်ကြီးချုပ်ရွေးကောက်ရန် ပါလီမန်မဲပေးပွဲတွင် ရှေးရိုးစွဲခေါင်းဆောင် ဖရက်ဒရိတ်မားဇ် အနိုင်ရရှိခဲ့သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဝန်ကြီးချုပ်လောင်းမားဇ်သည် အများစုထောက်ခံမဲလိုအပ်ချက်ပြည့်မီရန် ယမန်နေ့နံနက်က မဲခြောက်မဲလိုနေခဲ့သော်လည်း နောက်ဆုံးတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မဲပေးပွဲကို ကိုယ်စားလှယ် ၆၃၀ ဦးပါဝင်သော ပါလီမန်တွင် လျှို့ဝှက်မဲပေးစနစ်ဖြင့် ကျင်းပခဲ့ရာ ၎င်းကို မည်သူက မထောက်ခံခဲ့သည်ဟု မသိရသော်လည်း ထောက်ခံသူများသည် ညွန့်ပေါင်းအဖွဲ့ဖြစ်သော အလယ်အလတ်-လက်ဝဲပါတီမှ ကိုယ်စားလှယ်များသို့မဟုတ် ရှေးရိုးစွဲပါတီမှ ကိုယ်စားလှယ်များ ဖြစ်နိုင်သည်။

ပါလီမန်တွင် နာရီပေါင်းများစွာ မရေရာမှုများ ဖြစ်ပေါ်ပြီးနောက်၊ ပါတီများနှင့် ပါလီမန်ဥက္ကဋ္ဌတို့က ဒုတိယမဲပေးပွဲ ကျင်းပရန် သဘောတူညီခဲ့ကြပြီးနောက် ၃၂၅ မဲဖြင့် မားဇ်အနိုင်ရရှိခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားပြီးနောက် ၇၆ နှစ်အတွင်း မည်သည့်ဝန်ကြီးချုပ်လောင်းမျှ ပါလီမန်မဲပေးပွဲတွင် မရှုံးခဲ့ဖူးသော်လည်း ယခုနှစ်မဲပေးပြီးနောက် နာရီပေါင်းများစွာ ပါလီမန်တွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်နေခဲ့ကြောင်း သိရသည်။ **Mon**

## အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံ အဆင့်မြင့်အရာရှိများ ကုန်သွယ်ရေးဆွေးနွေးရန် ဆွစ်ဇာလန်သို့ သွားရောက်မည်

**ဂျီနီဗာ မေ ၇**

အမေရိကန်နှင့်တရုတ် နှစ်နိုင်ငံအဆင့်မြင့်အရာရှိများသည် သမ္မတ ဒေါ်နယ်လ်ထရမ့်၏ အခွန်တိုးမြှင့်မှုများကြောင့် ရပ်ဆိုင်းနေသော ကုန်သွယ်ရေးဆွေးနွေးပွဲများကို စတင်ရန် ယခုအပတ်နောက်ပိုင်းတွင် ဆွစ်ဇာလန်သို့ သွားရောက်မည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုဆွေးနွေးပွဲများသည် ကမ္ဘာ့အကြီးဆုံး စီးပွားရေးနှစ်နိုင်ငံအကြား သမ္မတဒေါ်နယ်လ်ထရမ့်အာဏာရပြီးနောက် မကြာမီစတင်ခဲ့သည့် ကုန်သွယ်ရေးအခြေအနေကို ဖြေရှင်းရန် ပထမဆုံးစီစဉ်သည့် ဆွေးနွေးပွဲဖြစ်သည်။

အမေရိကန်ဘက်မှ ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆင့်နှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ဂျေးမီဆန်ဂရီးယားတို့ ဆွစ်ဇာလန်တွင် ဆွေးနွေးပွဲတက်ရောက်မည်ဟု ဆိုသည်။

တရုတ်ဘက်မှ ဒုတိယဝန်ကြီးချုပ် ဟဲလီဖင်က တက်ရောက်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ဒုတိယဝန်ကြီးချုပ် ဟဲသည် တရုတ်-အမေရိကန် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ဦးဆောင်သူအဖြစ် အမေရိကန်ငွေကြေး ဝန်ကြီး စကော့ဘက်ဆင့်နှင့် တွေ့ဆုံမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၇ ရက်က အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## လာအိုနိုင်ငံဘက်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ထိုင်းနယ်စပ်ရှိ ရှုခင်းသာနေရာတစ်ခုကို ပိတ်ထားလိုက်ရ

**ဗီယင်ကျန်း မေ ၇**

လာအိုနိုင်ငံတွင် မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ဆက်စပ်သည်ဟု ယူဆရသော လက်နက်ကိုင်များအကြားဖြစ်ပွားသည့်တိုက်ပွဲများကြောင့် ထိုင်းနယ်စပ်ရှိ လူကြိုက်များသည့် တောင်တန်းမျက်နှာပြင် ရှုခင်းသာနေရာတစ်ခုကို ယမန်နေ့က ပိတ်ထားရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မြောက်ပိုင်းချင်းရိုင်ပြည်နယ်ရှိ လာအိုနိုင်ငံနှင့် နယ်စပ်ဖြစ်သော ဖူချီဖာရှုခင်းသာနေရာကို နောက်ထပ်အကြောင်းကြားချက်မရှိမချင်း ယာယီပိတ်ထားမည်ဖြစ်ကြောင်း ထိုင်းအမျိုးသားဥယျာဉ်အရာရှိများက မေ ၅ ရက်တွင် အတည်ပြုပြောကြားသည်။

လာအိုတပ်မတော်နှင့် အမည်မသိ လက်နက်ကိုင်အုပ်စုများအကြား တိုက်ပွဲများဖြစ်ပွားနေသည့် သတင်းများအရ ဘိုကေအိုပြည်နယ်သို့ ခရီးသွားရန် စဉ်းစားနေသည့် အမေရိကန်နိုင်ငံသားများကို ပြန်လည်စဉ်းစားရန် ဗီယင်ကျန်းမြို့တော်ရှိ အမေရိကန်သံရုံးကလည်း တိုက်တွန်းထားကြောင်း သိရသည်။ **Mon**

## ပါကစ္စတန်နိုင်ငံရှိ အကြမ်းဖက်သမားများ၏ စခန်းကိုးခုကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အိန္ဒိယပြောကြား

**နယူးဒေလီ မေ ၇**

ပါကစ္စတန်ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသတွင်တည်ရှိသည့် အကြမ်းဖက်သမားများ၏ စခန်းကိုးခုကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း အိန္ဒိယအစိုးရက ယနေ့တွင်ပြောကြားသည်။

ဧပြီ ၂၂ ရက်က ဖြစ်ပွားသည့် အိန္ဒိယထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသရှိ ပါဟယ်လ်ဂမ်ဒေသတိုက်ခိုက်မှုတွင် စုစုပေါင်း ၂၆ ဦး သေဆုံးခဲ့ပြီး ယင်းဖြစ်ရပ်ကြောင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးတင်းမာမှုများ မြင့်တက်လာခဲ့သည်။

အော်ပရေးရှင်းဆင်ဒိုးဟု အမည်ရသည့် ၎င်းစစ်ဆင်ရေးအတွင်း အိန္ဒိယတပ်မတော်၏ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်ရှိ အကြမ်းဖက်သမားများ၏ အခြေခံအဆောက်အအုံများကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။



မိမိတို့၏တိုက်ခိုက်မှုများတွင် ချိန်ဆဆောင်ရွက်ခဲ့သဖြင့် ပါကစ္စတန်တပ်မတော်ဆိုင်ရာ ပစ်မှတ်များကို ထိမှန်ခြင်းမရှိကြောင်းနှင့် အကြမ်းဖက်သမားများကိုသာ တိုက်ခိုက်ချေမှုန်းခြင်းဖြစ်ကြောင်း အိန္ဒိယတပ်မတော်၏ ထုတ်ပြန်ချက်အရ သိရသည်။

အိန္ဒိယတပ်မတော်က ပါကစ္စတန်နိုင်ငံရှိ ဒေသခြောက်ခုအား တိုက်ခိုက်ခဲ့ရာတွင် အမျိုးသမီးနှင့် ကလေးများအပါအဝင် ဒေသခံနှစ်ဆယ့်ခြောက်ဦး သေဆုံးကြောင်း ပါကစ္စတန် တပ်မတော်မီဒီယာအဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသနှင့် ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ နေအိမ်များနှင့် ဘာသာရေးအဆောက်အအုံများကို အိန္ဒိယတပ်မတော်က တိုက်ခိုက်ခဲ့ကြောင်း ပါကစ္စတန်တပ်မတော် ပြည်သူ့ဆက်ဆံရေးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရှာရစ်ချောင်ဒရီက မီဒီယာများအားပြောကြားသည်။ ဖြစ်စဉ်အတွင်း အိန္ဒိယတပ်မတော်မှ တိုက်လေယာဉ်ငါးစင်းကို ပစ်ချနိုင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

အိန္ဒိယတပ်မတော်က ယခုဖြစ်စဉ်အတွင်း ပါကစ္စတန်ထိန်းချုပ် ကက်ရှ်မီးယားဒေသ Muzaffarabad ခရိုင်ရှိ Neelum-Jhelum ရေအားလျှပ်စစ်စီမံကိန်း၏ Nausari ဆည်ကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ကြောင်းနှင့် ရေအားလျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အအုံကို တိုက်ခိုက်ခြင်းသည် လက်ခံနိုင်ဖွယ်မရှိကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ



**တောင်ကြီး မေ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ တောင်ကြီး-ဟိုပုံးလမ်းရှိ တောင်ကြီးခရိုင်မီးသတ်ဦးစီးဌာနရုံး၌ မေ ၅ ရက် နံနက် ၉ နာရီက (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ စစ်ရေးပြတပ်စုနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်ဖွဲ့ဝင်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန် (၄)ချက်ရွတ်ဆိုခြင်းနှင့် ၂၀၂၅ ခုနှစ် မတ် ၂၈ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးသွားသူများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဝမ်းနည်းသည့် အထိမ်းအမှတ်အဖြစ်မတ်တတ်ရပ်၍ တစ်မိနစ် ငြိမ်သက်ခြင်းများ ပြုလုပ်ကြသည်။ (အပေါ်ပုံ)

ထို့နောက် စစ်ရေးပြတပ်စုက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်အား အလေးပြုသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မီးဘေးလုံခြုံရေးလုပ်ငန်းဆိုတာ ပြီးပြည့်စုံတယ်လို့မရှိဘဲ ပြည်သူလူထုပူးပေါင်းပါဝင်မှသာ ပိုမိုနိုင်မာအားကောင်းနိုင်မှာဖြစ်ပါကြောင်း၊ ပြည်သူတွေအနေနဲ့ မဖြစ်မနေ လိုက်နာဆောင်ရွက်ရမယ့်အချက်တွေကို နားလည်သဘောပေါက်အောင် အသိပညာပေးစည်းရုံး ဆောင်ရွက်သွားဖို့လိုသလို မီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့ မိမိတပ်ဖွဲ့ရဲ့ရပ်တည်ချက်တွေ၊ ရည်မှန်းချက်တာဝန်တွေနဲ့ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ကောင်းမွန်စွာသိရှိနားလည်ပြီး လုပ်ငန်းတာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့လည်း အထူးလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်က စံပြမီးသတ်စခန်းဆုရရှိသော လင်းခေးမြို့နယ် မီးသတ်စခန်းနှင့်သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး စွမ်းရည်အမျိုးမျိုးတို့ကို သရုပ်ပြသကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးပြီး ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ (၃၆၈)

# ဆောင်းရာသီတွင် စိုက်ပျိုးခဲ့သည့် ပဲယဉ်းရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ မေ ၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်က ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ပဲယဉ်းသီးနှံဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉ ဒသမ ၂၁ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲယဉ်းသီးနှံ ၂၁၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၁၁၉ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ အဆိုပါ ပဲယဉ်းသီးနှံစိုက်ခင်းများကို ဒေသခံတောင်သူများက ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ မေ ၆ရက်တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဆောင်းသီးနှံရာသီက ပဲယဉ်း ၁၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲ့ဒီစိုက်ပျိုးထားတဲ့ ပဲယဉ်းစိုက်ခင်းတွေ လက်ရှိမှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲယဉ်းသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြရန်၊ အထွက်နှုန်းတိုးတက်ဖို့အတွက် ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးကြရန် တောင်သူတွေကိုလိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲယဉ်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေး စတဲ့တောင်သူပညာပေးလုပ်ငန်းများအပြင် သီးနှံရိတ်သိမ်းခြွေလှေ့ချိန်တွင်လည်း အထွက်နှုန်းလျော့နည်းမှုမရှိစေရေးအတွက် အချိန်မီ သီးနှံရိတ်သိမ်းခြွေလှေ့နည်းပညာနှင့် ရိတ်သိမ်းပြီးသီးနှံများ အရည်အသွေးကောင်းမွန်စေရန် အမိုးအကာများအောက်တွင် စနစ်တကျထားသိုသိမ်းဆည်းနည်းစနစ်များကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ပဲယဉ်းသီးနှံကို အထွက်နှုန်းများ တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် ဒေသမရွေး ပဲယဉ်းသီးနှံအား ပိုမိုစိုက်ပျိုးနိုင်အောင် ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

(အပေါ်ဝဲပုံ)

(၄၄၅)





# ကျောင်းသား၊ ကျောင်းသူများအား စေတနာ့ဝန်ထမ်းအဖြစ် ဘာသာရပ်အလိုက် အနီးကပ်သင်ကြားပို့ချပေးလျက်ရှိ

**တံတားဦး မေ ၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် G-12 တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား စေတနာ့ဝန်ထမ်းအဖြစ် ဘာသာရပ်အလိုက် အနီးကပ်သင်ကြားပို့ချခြင်းကို မေ ၅ရက် နံနက် ၈ နာရီက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်များမှ ပါမောက္ခများ၊ ကထိကများက သင်ကြားပို့ချပေးလျက်ရှိသည်။

တံတားဦးမြို့နယ်တွင် မေ ၂ရက် နံနက်ပိုင်းမှ တက္ကသိုလ်များမှ ပါမောက္ခများ၊ ကထိကများက နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချပေးခဲ့ကြောင်း၊ ယနေ့ဆိုလျှင် စေတနာ့ဝန်ထမ်းအဖြစ် သင်ကြားနေခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် "အခက်အခဲများမှ ရုန်းထလို့၊ မိမိအရည်အသွေးထုတ်ပြဖို့၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြပါစို့" ဆောင်ပုဒ်နှင့် အညီဆောင်ရွက်ပေးစေလိုကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဘာသာရပ်အလိုက် အနီးကပ်သင်ကြားပို့ချရာတွင် ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခများနှင့်ကထိကများ၊ မကွေးတက္ကသိုလ်မှ ပါမောက္ခများနှင့် ကထိကများ၊ မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခများနှင့် ကထိကများ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ပါမောက္ခများနှင့် ကထိကများ စုစုပေါင်း ၁၈ဦးက မိမိတို့သင်ကြားပေးရမည့် ဘာသာရပ်အလိုက် အခန်းများခွဲ၍ သင်ကြားပေးကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၀၉)

# ဆီကြိတ်စက်များ မြေပဲ၊ နှမ်းနှင့် နေကြာဆီကြိတ်ခွဲရခြင်းဖြင့် မိသားစုလုပ်ငန်း အဆင်ပြေလျက်ရှိ

**နတ်မောက် မေ ၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ပေါ်ရှိ ဆီကြိတ်စက်များ ဒေသခံပြည်သူများမှ မြေပဲ၊ နှမ်းနှင့် နေကြာဆီများ ကြိတ်ခွဲရခြင်းဖြင့် မိသားစုလုပ်ငန်း အဆင်ပြေလျက်ရှိကြောင်း ဆီကြိတ်စက်ပိုင်ရှင် ကိုဝင်းနိုင်က ပြောသည်။

ကျေးလက်နေပြည်သူများအနေဖြင့် နွေ၊ မိုး၊ ဆောင်းရာသီများ၌ ဆီထွက်သီးနှံများစိုက်ပျိုးကြပြီး စိုက်ပျိုးရေးတောင်သူများက မိမိတို့မိသားစု နေ့စဉ်စားသုံးရန် နှမ်း၊ မြေပဲ၊ နေကြာများကို မြို့ပေါ်ရှိ ဆီကြိတ်စက်များသို့ လာရောက်ကြိတ်ကြကြောင်း၊ ဒေသထွက်ဆီထွက်သီးနှံများ လာရောက်ကြိတ်တော့ ဆီသန့်သန့်စားသုံးရတဲ့အပြင် ကျန်းမာရေးအတွက်လည်းကောင်းပါတယ်။ အခြားဆီရောင်းတဲ့ဆိုင်တွေမှာ နှမ်းဆီတစ်ပိဿာနှင့် မြေပဲဆီတစ်ပိဿာကို ငွေကျပ် ၁၄၀၀၀ ပေးဝယ်ရသည့်အတွက် မိမိမြေပဲ၊ နှမ်းနှင့် နေကြာကို ဆီကြိတ်လိုက်တော့ မိသားစုစားသုံးရန်အပြင် အိမ်မှာမွေးထားတဲ့ ကျွဲ၊ နွားတိရစ္ဆာန်များအတွက်လည်း နှမ်းဖတ်၊ ပဲဖတ်၊ နေကြာဖတ်များရရှိတာကြောင့် လာရောက်ကြိတ်ခွဲကြခြင်းဖြစ်ကြောင်း၊ ကြိတ်ခွဲခအဖြစ် နှမ်းတစ်တင်းလျှင် ငွေကျပ် ၈၀၀၀ ရရှိပြီး မြေပဲတစ်တင်းလျှင် ငွေကျပ် ၉၀၀၀ ရရှိကာ တစ်နှစ်ပတ်လုံး အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ လာရောက်ကြိတ်သူများရှိသဖြင့် ဆီကြိတ်စက်များ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ) မှုမှုစန်း

❖ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိ...

❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...

❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ လျှော့ဒဏ်သင့်ရုံးများ ကြည့်ရှုစစ်ဆေး

မန္တလေး မေ ၇

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ လျှော့ဒဏ်သင့် ရုံးများအား သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများကို တွေ့ဆုံအားပေး စကား ပြောကြားသည်။(ယာပုံ)






ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်း၊ အမရပူရနှင့် မန္တလေးမြို့များရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ရုံးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုနှင့် ရုံးတက်ရောက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ထမ်းများ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင် တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ မိသားစုစိတ်ထားဖြင့် ကြုံတွေ့နေရသော အခက်အခဲများကို လက်တွဲပူးပေါင်းဖြေရှင်းကြရန်၊ တာဝန်ရှိသူအဆင့်ဆင့်က ထိတွေ့ပေါင်းစပ်ဆောင်ရွက်ပေးကြရန်၊ ထိခိုက်ပျက်စီးမှုကြောင့် ဝန်ထမ်းများ၏ ကိုယ်၊ စိတ်ခံစားရမှုများကို အားပေးကူညီရန် အလေးထားမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့်အတူ မန္တလေးမြို့ရှိ တိုင်းအခွန်ဦးစီးဌာနမှူးရုံး၊ တိုင်းအကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနရုံး၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ တိုင်းပင်စင်ဦးစီးဌာနရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၅)တို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပံ့ပိုးပေး၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်ယူနိုက်တက် (ယူ-၂၁)အသင်းက Falcon အသင်းအား ၂ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့

**ရန်ကုန် မေ ၇**

မြန်မာနေရှင်နယ်လိဂ် လူငယ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်-၂ အဖြစ် ရန်ကုန်ယူနိုက်တက်(ယူ-၂၁) နှင့် Falcon အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်လူငယ်အသင်းက ၂ ဂိုး၊ ၁ ဂိုးနှင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်အသင်းအတွက်ဦးဆောင်ဂိုးကို ခွန်းချိုထူးက ပွဲချိန် ၈ မိနစ်တွင် ဂိုးသမား ညာထောင့်ကို ကန်သွင်းယူပေးခဲ့သည်။ ၁၀ မိနစ်အကြာတွင် ကောင်းခန့်ကျော်က ဒုတိယဦးဆောင်ဂိုးကို လမင်းပြည့်စုံ၏ ပံ့ပိုးပေးမှုမှ တစ်ဆင့် သွင်းယူပေးခဲ့ပြီး ၂ ဂိုး၊ ဂိုးမရှိဖြင့် ပထမပိုင်းကို ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင် လူစားလဲမှုများနှင့် ဆက်လက်တိုက်စစ်ဆင်ကစားခဲ့ပြီး ဂိုးထပ်မံရရှိရေးအတွက် ကြိုးစားခဲ့သည်။ ပွဲချိန် ၆၂ မိနစ်တွင် တစ်ဖက်အသင်းမှ ဂိုးကန်သွင်းယူရန် ကြိုးပမ်းမှုကို ရဲဝင်းအောင် ကြိုးစားဟန့်တားခဲ့ရာမှ ကိုယ့်ဂိုးကိုပြန်ဝင်ခဲ့ပြီး ဂိုးပေးခဲ့ရသည်။ လက်ကျန်မိနစ်များတွင် နှစ်သင်းစလုံး ဂိုးရရှိရေးအတွက် ဆက်လက်ကြိုးစားခဲ့သော်လည်း ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသဖြင့် ရန်ကုန်လူငယ်အသင်းက ၂ ဂိုး၊ ၁ ဂိုးနှင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်းသည် ၂ ပွဲကစား၊ ၂ ပွဲနိုင်၊ ရမှတ် ၆ မှတ်နှင့် အဆင့် ၁ နေရာတွင်ရပ်တည်နေပြီး လာမည့် မေလ ၁၃ ရက် ညနေ ၄ နာရီ ပဒုမ္မာကွင်းတွင် Dagon Ports အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

